ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ သောကြာနေ့၊ (28-5-2004) (၄၂၄၇)

ယနေ့ထုတ်စောင်ရေ ၁၉၆၉၈၇

ဗြဟ္မစရိယဥ္စ တော် မင်္ဂလ မုတ္တမံ

မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူးအား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူး Col. Pedro Ramon L.Sinajon, Jr. **အား ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ ဗိုလ်ချုပ်ကြီးခင်ညွှန့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူး Col. Pedro Ramon L.Sinajon, Jr. **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူး Col. Pedro Ramon L. Sinajon, Jr. **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror
၂၈-၅-၂၀၀၄
(သောကြာနေ့)

ဒေသဖွံ့ဖြိုးတိုးတက်ရေးအကျိုးပြု လမ်းနှင့်တံတားများ တိုးချဲ့တည်ဆောက်

နယ်မြေဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့သည်နှင့်အမျှ ကုန်သွယ်စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ပြီး ဒေသ၏စီးပွားရေးအခြေအနေများ ပိုမိုတိုးတက် ဖြစ်ထွန်းလာမည်ဖြစ်သည်။ ထို့အတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေအနေများသည်လည်း တစ်ပြိုင်တည်း တိုးတက်မြင့်မားလာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပြည်နယ်၊ တိုင်း နယ်မြေဒေသများအလိုက် ရေကြော၊ မြေကြောဆက်စပ်လာပြီး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအစီအမံများကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ယခင်က မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများသည် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်း၌သာ တောင်နှင့်မြောက်သွယ်တန်းလျက်ရှိသည်ကို တွေ့ရသည်။

ယခုအခါ မြန်မာနိုင်ငံ၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် အစိတ်အပိုင်းအားလုံး ဆက်သွယ်မိစေရန် မော်တော်ကားလမ်း၊ ရထားလမ်းများကို ကွန်ရက်သဖွယ် တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။ လမ်းသစ်များဖောက်လုပ်ခြင်းနှင့်အတူ လိုအပ်သည့် နေရာတိုင်းတွင် မြစ်ကူးတံတားကြီး၊ တံတားငယ်များကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

စစ်ကိုင်းတိုင်း ကလေးမြို့နယ် နတ်ချောင်းကျေးရွာအနီး ကလေး-ဂန့်ဂေါကားလမ်းပေါ်ရှိ ပန်းမွန်ချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို မေလ ၂၃ ရက်နေ့က အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်ပြီး မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ပန်းမွန်ချောင်းတံတားသည် ကလေးခရိုင် ကလေး-ဂန့်ဂေါ လမ်းပေါ်ရှိ ပန်းမွန်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် အရှည်ပေ ၂၂၀ ရှိ သံပေါင်သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။

ကလေး-ဂန့်ဂေါ ကားလမ်းပေါ်ရှိ ပန်းမွန်ချောင်းတံတားကို တည်ဆောက်ဖွင့်လှစ်လိုက်သည့်အတွက် မကွေးတိုင်း ဂန့်ဂေါမှ စစ်ကိုင်းတိုင်း ကလေးမြို့သို့လည်းကောင်း၊ ကလေးမြို့ကိုဖြတ်၍ ချင်းပြည်နယ်အတွင်းသို့လည်းကောင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်ကြပြီ ဖြစ်သည်။

ပန်းမွန်ချောင်းတံတားကို ဖွင့်လှစ်လိုက်သည့်အတွက် အဆိုပါလမ်းကြောင်းပေါ်တွင်ရှိသော ကျေးရွာပေါင်း ၃၆ ရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၂၇ ရွာတို့မှ ကျေးလက်ပြည်သူများ ဆက်သွယ်သွားလာမှု ချောမွေ့လွယ်ကူလျက်ရှိသည်။ ထို့ပြင်မက ဒေသတွင်းနေထိုင်လျက်ရှိသော ပြည်သူများ၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ဂန့်ဂေါမြို့ကို ဗဟိုပြုပြီး ချင်းပြည်နယ်(မြောက်ပိုင်း)နှင့် ကလေးဒေသတို့ကို မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့နှင့် လွယ်ကူမြန်ဆန်စွာ ဆက်သွယ်နိုင်ရန် ကလေး-ဂန့်ဂေါရထားလမ်း၊ ကလေး-ဂန့်ဂေါ ကားလမ်း၊ ဂန့်ဂေါ-ဟားခါးကားလမ်းတို့ကို ဖောက်လုပ်ပေးခဲ့သည်။ ဒေသလိုအပ်ချက်နှင့်အညီ မြစ်သာမြစ်ကူး တံတား၊ ကမ္ဘားနီတံတားတို့ကိုလည်း တည်ဆောက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးအကျိုးပြု လမ်းနှင့်တံတားများကို ဆက်လက်တည်ဆောက် ဖောက်လုပ်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပမည့် "အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ"နှင့် ပတ်သက်သော Seminar ကို ဥပဒေပညာရှင်တစ်ဦးက မေ ၂၉ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park (Room-205)၌ ကျင်းပမည်ဖြစ်သဖြင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင် အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မေတ္တာသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၇

မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ (၈၂)ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ ဇွန် ၆ရက် နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် မေ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများကြီးကြပ်မှုကော်မတီ(၄/၂၀၀၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (ပို့ဆောင်ရေး)

လေကြောင်းလိုင်းများ၏ လိုအပ်ချက် အစွမ်းကုန်ဖြည့်ဆည်း ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

ရန်ကုန် မေ ၂၇

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လုပ်ငန်းများကြီးကြပ်မှုကော်မတီ (၄/၂၀၀၄) အစည်းအဝေးကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် နေမျိုးဗလခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ မြန်မာ့လေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဗိုလ်မှူးချုပ် လှအောင်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများနှင့် ခရီးသည်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးတို့ကို တင်ပြကြသည်။

ဘေးအန္တရာယ်ကင်းရှင်းရေး

ထို့နောက် ဝန်ကြီးက ပြည်တွင်း၊ ပြည်ပ လေကြောင်းလိုင်းများ၏ လိုအပ်ချက်များကို အစွမ်းကုန် ဖြည့်ဆည်းပေးရန်၊ ပြည်တွင်း၊ ပြည်ပလေယာဉ်စီးခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မနောစိတ်သာအဓိက

လူ့အခွင့်အရေး ဒီမိုကရေစီ
အမည်အဓိပ္ပာယ်၊ အနက်ကျယ်၍
လူ့နယ်အကျိုး၊ သယ်ပိုးနိုင်မှု
ရည်ညွှန်းပြုလည်း၊ ယခုအခါ
ဤကမ္ဘာတွင်၊ လူလျှင်လူချင်း
ပစ်ခွင်းစိုးမိုး၊ တန်ခိုးထက်မြက်
လက်နက်ပမာ၊ သုံးစွဲလာသည်
ကောင်းတာတွေလည်း၊ ပျက်ပြီကော
သုံးစွဲသူတို့၊ ဖျက်မနော။ ။

နွယ်ချို

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဦးဝိစာရလမ်း အမှတ်(၃၁၈)နေ ဒေါ်စောမုံညင်းက သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းနှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ မေ ၂၀ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မေ ၇ရက်က ရန်ကုန်မြို့ အမှတ် ၁၁၆ (ဒီ) တက္ကသိုလ်ရိပ်သာလမ်း စိမ်းလဲ့ကန်သာနေ ဦးရှောင်-ဒေါ်ရှင် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရပဒေသာပင်ငါးမျိုးအတွက် အလှူတော်ငွေ ကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံစဉ်။ (က-ပ)

အီရတ်သို့ တပ်ဖွဲ့ဝင်များထပ်မံစေလွှတ်ရေး ဗြိတိန်နိုင်ငံသားအများစုက ကန့်ကွက်

လန်ဒန် မေ ၂၆

ဗြိတိသျှပြည်သူလူထု၏ သုံးပုံနှစ်ပုံက ဗြိတိသျှတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ပို့ဆောင်နေမှုကို ဆန့်ကျင်ကြကြောင်း အင်္ဂါနေ့ကထုတ်ပြန်သည့် လူထုသဘောထားစစ်တမ်းတစ်ရပ်အရ သိရှိရသည်။ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏ အစိုးရအဖွဲ့က အီရတ်နိုင်ငံသို့ ဗြိတိသျှတပ်ဖွဲ့ဝင်များ နောက်ထပ်စေလွှတ်ရေးအတွက် တာဝန်ယူထားခြင်းမရှိပါက ၈၄ ရာခိုင်နှုန်းသော ဗြိတိန် ပြည်သူလူထုက ၎င်းတို့နိုင်ငံမှ တပ်ဖွဲ့ဝင်များအား အခြားနိုင်ငံမှ တပ်ဖွဲ့များ၏ ကွပ်ကဲမှုအောက်မှ ပေါက်ကွဲလုနီးပါးရှိသည့်ဒေသများသို့ စေလွှတ်ခြင်းထက် ဗြိတိသျှတပ်ဖွဲ့များ၏ ကွပ်ကဲမှုအောက်တွင် ဆက်လက်ထားသင့်ကြောင်း ယုံကြည်ထားကြောင်း ဖော်ပြပါစစ်တမ်းအရ သိရှိရသည်။

အိုင်စီအမ် လူထုသဘောထားစစ်တမ်း ကောက်ယူရေးဌာနက လူ ၁၀၀၂ဦးအား စစ်တမ်းကောက်ယူမှုကို ဂါဒီယန်သတင်းစာက ဖော်ပြလိုက်ခြင်းဖြစ်သည်။

ယင်းစစ်တမ်း ကောက်ယူရာတွင် တွေ့ရှိချက်များက အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရေးအတွက် အရေအတွက် လျှော့ပစ်ရန် သို့မဟုတ် နောက်ထပ် တပ်များ စေလွှတ်ရေးဆိုင်ရာ ကြေညာချက်ကို ဘေးချိတ်ထားရန် တိုးမြှင့်ဖိအားပေးမှုများ ပေါ်ပေါက်လာနိုင်ကြောင်း သတင်းစာက ဆက်လက်ရေးသားသည်။

တိုနီဘလဲအနေဖြင့် အီရတ်နိုင်ငံရှိ တပ်ဖွဲ့ဝင်များနှင့် ၎င်း၏ နိုင်ငံရေး ဂုဏ်သိက္ခာ ပြည်တွင်းတွင် ကျဆုံးနေရသော်ငြားလည်း တိုနီဘလဲသည် အမေရိကန်ဦးဆောင် အီရတ်သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များအား ထောက်ပံ့သည့်အနေဖြင့် နောက်ထပ် တပ်ဖွဲ့ဝင်ထောင်ချီ၍ အီရတ်သို့ စေလွှတ်ရန် တာဝန်ယူမည်ဟု ပိုင်းခြားလေ့လာသူများက ယူဆနေကြသည်။

သို့ရာတွင် ဇွန်လကုန်ပြီးသည့် တိုင်အောင် ယင်းကိစ္စဆိုင်ရာ ကြေညာချက်သည် နှောင့်နှေးကြန့်ကြာနိုင်ကြောင်း လေ့လာသူများက ပြောကြားကြသည်။

တိုနီဘလဲ၏ လေဘာပါတီအတွင်း ၌ပင် ၆၀ ရာခိုင်နှုန်းက အီရတ်သို့ တပ်ဖွဲ့ဝင် နောက်ထပ်ပို့မှုကို ဆန့်ကျင်နေကြကြောင်း အိုင်စီအမ် စစ်တမ်းအရ သိရှိရသည်။ ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ တောင်ပိုင်းဒေသရှိ ဘာဆာရာမြို့ တစ်ဝိုက်တွင် အဓိကအားဖြင့် အခြေ စိုက်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

သယ်ဆောင်

မေ ၂၅ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို သယ်ဆောင်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်ရှိ ဩစတြေးလျသံရုံးအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် မေ ၂၆

ဘဂ္ဂဒက်မြို့တော်၌ အင်္ဂါနေ့က ပေါက်ကွဲသည့်ဗုံးမှာ ဩစတြေးလျ သံတမန်အဖွဲ့ကို ဦးတည်ခြင်း ရှိ၊ မရှိ ဩစတြေးလျနှင့် အခြားသော ညွန့်ပေါင်းအာဏာပိုင်များအနေဖြင့် ဝေခွဲမရ ဖြစ်နေကြသည်ဆို၏။

ယင်းဗုံးခွဲမှုမှာ ဩစတြေးလျ သံရုံးနှင့် မီတာ ၂၀၀ အတွင်း ဝေးကွာပြီး ဩစတြေးလျ တပ်ဖွဲ့ဝင်များ၏စခန်းနှင့် ပိုမိုနီးကပ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် အီရတ်လေးဦး သေဆုံးသွားသည်။ ဩစတြေးလျသံရုံးအနီး ဗုံးပေါက်ကွဲခြင်းဖြစ်သော်လည်း၊ သံရုံးကို ရည်ရွယ်ခြင်း ရှိ၊ မရှိ မသိရဟု သံရုံးအကြီးအကဲ နေးလ်မြူးလ်က ပြောဆိုသည်။

အင်တာနက်။

အီရတ်ကြားဖြတ်အစိုးရထံ အာဏာအပြည့်အဝလွှဲအပ်ရန် ဂျာမနီဝန်ကြီးချုပ် တိုက်တွန်း

ဘာလင် မေ ၂၅

အီရတ်ကြားဖြတ်အစိုးရသို့ အီရတ်နိုင်ငံ၏ အရင်းအမြစ်များနှင့် လုံခြုံရေး ထိန်းချုပ်မှု အပါဝင် အာဏာအပြည့်အဝ လွှဲပြောင်းပေးအပ်ရန် ဂျာမနီဝန်ကြီးချုပ်ရှရိုးဒါးက အမေရိကန်နိုင်ငံအား တနင်္လာနေ့က တိုက်တွန်းလိုက်သည်။

ရှင်းပြရမည်

အချုပ်အခြာအာဏာ လွှဲအပ်ရေးကို မိမိပြောကြားသည့်အခါတွင် ထိုသို့ဆိုလိုခြင်းဖြစ်သည်ဟု မိမိပြောကြားလိုကြောင်း၊ တာဝန်များကို အရှင်းနိုင်ဆုံးရှင်းပြရမည်ဖြစ်ကြောင်းဖြင့် ဂျာမနီဝန်ကြီးချုပ် ရှရိုးဒါးက သတင်းထောက်များအား ပြောကြားသည်။

လိုလား

ဂျာမနီနှင့် အမေရိကန်တို့သည် အီရတ်တည်ငြိမ်ရေးကို နှစ်နိုင်ငံစလုံးကပင် လိုလားကြကြောင်း၊ အီရတ်စစ်ပွဲ တရားမျှတမှု ရှိ၊ မရှိ နှစ်နိုင်ငံသဘောထားကွဲလွဲချက်မှာ ယခုအခါ သမိုင်းနှင့်ဆိုင်သည့် အချက်တစ်ချက်သာဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် ရှရိုးဒါးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၂၅ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်လက်နက်ကိုင်များ တိုက်ပွဲဖြစ်ပွားရာ ဘေးလွတ်ရာသို့ ပြေးလွှားနေကြသည့် အီရတ်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာသတင်းများ

အီရတ်မှ ဂျပန်တပ်ဖွဲ့ဝင် ၂၃၀ ဂျပန်သို့ ပြန်ရောက်

တိုကျို မေ ၂၆

ဂျပန်တပ်ဖွဲ့ဝင် ၂၃၀ သည် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ကူညီနိုင်ရန် အီရတ် တောင်ပိုင်း ဆာမာဝါတွင် သုံးလကြာ လုပ်ကိုင်ခဲ့ပြီးနောက် ဂျပန်နိုင်ငံသို့ တနင်္လာနေ့က ပြန်ရောက်လာသည်။

တပ်ဖွဲ့ဝင် ၂၃၀ တို့ကို ဆာမာဝါသို့ ဖေဖော်ဝါရီလအတွင်းက စေလွှတ်ခဲ့သည့် ဂျပန်တပ်ဖွဲ့ဝင် ၄၆၀ မှ ပထမအုပ်စုဖြစ်ပြီး စင်းလုံးငှား အရပ်ဘက်လေယာဉ်တစ်စင်းဖြင့် ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးရှိ အဆာဟိကာဝါလေဆိပ်သို့ ရောက်လာခြင်းဖြစ်သည်။

ဂျပန်တပ်ဖွဲ့ဝင် ၄၆၀ အနက် တပ်ဖွဲ့ဝင် ၁၂၀ မှာ မေ ၁၇ ရက်ကပင် ဂျပန်နိုင်ငံသို့ ပြန်ရောက်လာခဲ့သည်။

ကျန်သည့် ဂျပန်တပ်ဖွဲ့ဝင် ၁၂၀ မှာ ယခုလကုန်တွင် ဂျပန်နိုင်ငံသို့ ပြန်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

သမ္မတဘုရ်ှအား အမေရိကန်ပြည်သူတို့ထောက်ခံမှု ကျဆင်း ပြည်သူ့ဆန္ဒသဘောထားစစ်တမ်းတွင် ဖော်ပြ

ဝါရှင်တန် မေ ၂၆

ဇွန် ၃၀ ရက်တွင် အီရတ်ကြားဖြတ်အစိုးရထံ အာဏာလွှဲအပ်ရန် အချိန်နီးကပ်လာသည်နှင့်အမျှ အီရတ်အရေး သမ္မတဘုရ်ှ၏ ကိုင်တွယ်ပုံကို အမေရိကန်ပြည်သူအများစုက လက်မခံဘဲရှိရာ သမ္မတဘုရ်ှအပေါ် ပြည်သူများ၏ထောက်ခံမှုမှာ လျော့နည်းကျဆင်းလာပြီဖြစ်ကြောင်း တနင်္လာနေ့ကထုတ်ပြန်သည့် ပြည်သူ့ဆန္ဒသဘောထားစစ်တမ်းတွင် ဖော်ပြနေသည်။

နိုဝင်ဘာ ၂ ရက် အမေရိကန်သမ္မတ ရွေးကောက်ပွဲမကျင်းပမီ ခြောက်လခန့်အလိုတွင် သမ္မတဘုရ်ှ၏ အဓိကပြိုင်ဘက်ဖြစ်သော ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီအား ပြည်သူတို့၏ ထောက်ခံမှုမှာ ပိုမိုမြင့်တက်လာကြောင်း ပြည်သူ့ဆန္ဒသဘောထားစစ်တမ်းက ပြသနေသည်။

အမေရိကန်ပြည်သူ ၁၀၀၅ဦးကို အေဘီစီ/ဝါရှင်တန်ပို့စ်က သဘောထားစစ်တမ်း ကောက်ယူကြည့်ရာတွင် သမ္မတဘုရ်ှ၏ လုပ်ဆောင်ချက်အပေါ် လက်မခံသူက ၅၀ ရာခိုင်နှုန်းရှိပြီး လက်ခံသူက ၄၇ ရာခိုင်နှုန်းရှိသည်။ သမ္မတ ဘုရ်ှ၏ အီရတ်အရေး ကိုင်တွယ်မှုနည်းလမ်းကို လက်မခံနိုင်သူ ၅၈ ရာခိုင်နှုန်းရှိပြီး အဘူဂါရိပ်အကျဉ်းစခန်းမှ အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သည့် အရှုပ်တော်ပုံတွင် သမ္မတဘုရ်ှ၏ ကိုင်တွယ်ဆောင်ရွက်ပုံနည်းလမ်းကို လက်မခံလိုသူ ၅၇ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။ သမ္မတရွေးကောက်ပွဲတွင် ဘုရ်ှနှင့် ကယ်ရီတို့နှစ်ဦးသာ ယှဉ်ပြိုင်အရွေးခံမည်ဆိုလျှင် မေ ၂၀ ရက်မှ ၂၃ ရက်အထိ ကောက်ယူခဲ့သည့် ပြည်သူ့သဘောထားစစ်တမ်းတွင် ကယ်ရီအား ထောက်ခံသူ ၄၉ ရာခိုင်နှုန်းရှိပြီး ဘုရ်ှအား ထောက်ခံသူမှာ ၄၇ ရာခိုင်နှုန်းသာ ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံအား ဆက်လက်ထိန်းချုပ်မည့်ကိစ္စ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ သဘောထားကွဲလွဲ

ဝါရှင်တန် မေ ၂၆

ဇွန် ၃၀ ရက်တွင် အီရတ်ကြားဖြတ်အစိုးရထံ နိုင်ငံရေး အာဏာပြန်လည်လွှဲအပ်ပေးပြီးသည့်အခါ ကြားဖြတ်အစိုးရအနေဖြင့် အမေရိကန်ဦးဆောင်သည့် စစ်ဆင်ရေးများအပေါ် မည်မျှအထိ ထိန်းချုပ်မှုအခွင့်အာဏာရှိမည်ဆိုသောကိစ္စနှင့်ပတ်သက်၍ အင်္ဂါနေ့က အမေရိကန်နှင့် ဗြိတိန်တို့ သဘောထားကွဲလွဲသည့်လက္ခဏာကို တွေ့ရသည်။

လိုအပ်သလိုဆောင်ရွက်မည်

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်များအနေဖြင့် ကိုယ့်ကိုယ်ကို ကာကွယ်ရေးအတွက် လိုအပ်သလို လှုပ်ရှားဆောင်ရွက်မည်ဖြစ်ကြောင်း ဇွန် ၃၀ ရက် နောက်ပိုင်းအခြေအနေနှင့်စပ်လျဉ်း၍ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ပါဝဲလ်က အင်္ဂါနေ့က ပြောကြားလိုက်သည်။

အီရတ်နိုင်ငံတွင် အာဏာလွှဲအပ်ပေးပြီးနောက်တွင် မည်သည့်စစ်ဆင်ရေးအတွက်မဆို အီရတ်ကြားဖြတ်အစိုးရအနေဖြင့် အဆုံးအဖြတ်ပေးနိုင်ခွင့်ရှိရမည် ဖြစ်ကြောင်းဖြင့် လန်ဒန်မြို့၌ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက ပြောကြားခဲ့သည်။

ထင်ဟပ်

ရှေ့နှစ်ဆန်းကျင်းပမည့် အီရတ်အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီးစီးသည်အထိ တာဝန်ယူရမည့် အီရတ်အထွေထွေရွေးကောက်ပွဲ အဖွဲ့ဝင်များ ရွေးချယ်မှုဖြင့် စတင်သည့် အီရတ်ခေတ်သစ်အစတွင် အမေရိကန်နှင့် ဗြိတိန်တို့၏ ကွဲလွဲဟန်ရှိသည့် သဘောထားမှာ ဖြေရှင်းမပြီးသေးသည့် ပြဿနာများအနက်တစ်ခုအဖြစ် ထင်ဟပ်ပြသနေသည်။

အင်တာနက်။

မင်္ဂလာဆောင်အခမ်းအနားကို မဆင်မခြင်ပစ်ခတ်ခဲ့မှုကြောင့် ကန် မုန်းတီးရေးစိတ်ဓာတ်များ အီရတ်၌တိုးပွား

ရာမာဒီ မေ ၂၆

အီရတ်နိုင်ငံ ရာမာဒီမြို့ရှိ ဆေးရုံတွင်ဒဏ်ရာရရှိထားသော လူနာများ၏ ညည်းတွားသံများ ပေါ်ထွက်လျက်ရှိသည်။ ယင်းလူနာများသည် လွန်ခဲ့သည့်ငါးရက်က အီရတ်နိုင်ငံ၏ သဲကန္တာရဒေသတွင် မင်္ဂလာဆောင်အခမ်းအနားကျင်းပနေသည့် နေရာကို အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သူများဖြစ်ကြပြီး အမေရိကန်တပ်ဖွဲ့၏ မဆင်မခြင် ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသော ၎င်းတို့၏ ဆွေမျိုးသားချင်းများအတွက်လည်း ပူဆွေးသောက ရောက်နေကြရပြီး အမေရိကန် မုန်းတီးရေးစိတ်ဓာတ်များကို ပိုမိုတိုးပွားဖြစ်ပေါ်စေသည်။

အမေရိကန်တပ်ဖွဲ့ကမူ ၎င်းတို့ လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ နေရာသည် နိုင်ငံခြားသားခုခံတိုက်ခိုက်ရေးသမားများ ပုန်းခိုရာ နေအိမ်တစ်လုံးဖြစ်သည်ဟုတနင်္လာနေ့ကထပ်လောင်းပြောကြားသည်။ လူပေါင်း ၄၀ ခန့် သေဆုံးခဲ့ရသည့် ယင်းတိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ပြီးနောက် တိုက်ခိုက်ခံရသောနေရာကို မိမိတို့၏ တပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးသည့်အခါ မင်္ဂလာဆောင်အခမ်းအနား ပြုလုပ်နေသည့် အထောက်အထားများကို မတွေ့ရှိရဟု အမေရိကန် စစ်ဘက်က ငြင်းဆိုခဲ့သည်။

ပျက်စီး

အီရတ်နိုင်ငံ၏ ဝေးလံသီခေါင်သော နယ်ခြားဒေသဖြစ်သည့် မိုဂရယ်ဒီး ကျေးရွာငယ်တွင် အဆိုပါ ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီး ပစ်ခတ်ခံခဲ့ရသော အဆောက်အအုံမှာလည်းအကြီးအကျယ် ပျက်စီးသွားခဲ့သည်။

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ် မြို့တော်ရာမာဒီရှိ ဆေးရုံကြီးတွင် အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိကာ ဆေးဝါးကုသမှု ခံယူနေသော လူနာများက အမေရိကန်တပ်ဖွဲ့၏လုပ်ရပ်ကို ရှုတ်ချပြောဆိုခဲ့ကြသည်။

တိုက်ခိုက်

မင်္ဂလာဆောင်ပွဲသို့ လာရောက်ကြသည့် အမျိုးသားများက ရွက်ဖျင်တဲတွင်လည်းကောင်း၊ အမျိုးသမီးများက နေအိမ်အတွင်းတွင် လည်းကောင်း အိပ်စက်နားနေရန် ပြင်ဆင်နေစဉ် အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့က မိမိတို့ကို လေကြောင်းမှပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း နာဝပ်ဖ်ဆိုသူအမျိုးသားတစ်ဦးက ပြောကြားသည်။

အင်အားပြ

အမေရိကန်တပ်ဖွဲ့က တိုက်ခိုက်ခဲ့ပြီး နောက်တစ်ရက်တွင် ၎င်းတို့ တိုက်ခိုက်ခဲ့ရာနေရာသို့ စစ်သည်တင်သံချပ်ကာကားငါးစီး ရောက်ရှိကာ အင်အားပြခဲ့ကြောင်း၊ သေဆုံးခဲ့ရသော မိမိတို့၏ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေသင်္ဂဟများ၏ အလောင်းများကို ကောက်ယူနိုင်ရန် လုပ်ဆောင်နေသော မိမိတို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ်ပြန်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



မေ ၂၅ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် နေရာယူနေသည့် အီရတ် လက်နက်ကိုင် တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုပ်/ သံဌာနပိတ်ပစ်ရန် တောင်းဆိုချက် လက်ခံနိုင်ဖွယ်မရှိ ဘုရှ်အစိုးရနှင့် အယ်ဂျာဇီရာရုပ်/ သံဌာနတို့ ကြား တင်းမာလျက်ရှိ

ကာတာ မေ ၂၆

အမေရိကန်သမ္မတ ဂျော့ဂ်ျ၊ ဒဗလျူ၊ ဘုရှ်အစိုးရအဖွဲ့နှင့် အာရပ်ဘာသာဖြင့်ထုတ်လွှင့်သော အယ်ဂျာဇီရာ ရုပ်၊သံဌာနတို့အကြား ဖြစ်ပွားနေသည့် တင်းမာမှုမှာ လျော့ပါးသွားမည့် လက္ခဏာမရှိကြောင်း သိရသည်။

အီရတ်နိုင်ငံနှင့် ပတ်သက်သော သတင်းများကို အယ်ဂျာဇီရာ ရုပ်၊သံဌာနက အမေရိကန်တို့နှင့် မတူကွဲပြားခြားနားသည့် ရှုထောင့်မှ တင်ပြခဲ့သည်။ ယင်းသို့ ပြသသည့်ပုံရိပ်များကြောင့် ဖြစ်ပွားနေသော ကိစ္စရပ်များသည်အမေရိကန်နိုင်ငံကြောင့် ဖြစ်ရသည်ကို အာရပ်လူမျိုးများကို သိမြင်စေခဲ့သည်။

တောင်းဆို

အဆိုပါ ရုပ်သံဌာနသည် အမေရိကန် ဆန့်ကျင်ရေးကို တစ်ဖက်သတ်ပြသနေကြောင်းဘုရှ်အစိုးရက ပြစ်တင်ပြောကြားခဲ့ပြီး အယ်ဂျာဇီရာ ရုပ်/သံဌာန တည်ရှိရာ ကာတာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးကိုလည်း အဆိုပါ သတင်းဌာနကိုပိတ်ပစ်ရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က တောင်းဆိုခဲ့ကြောင်း သိရသည်။

အယ်ဂျာဇီရာ သတင်းဌာနကမူ ပြည်သူများ သေကျေပျက်စီးသော သတင်းများကို အသားပေးဖော်ပြမည်ဖြစ်ကြောင်း၊ ယင်းသို့ မဖော်ပြစေလိုပါက အီရတ်နိုင်ငံတွင် အနိဋ္ဌာရုံသတင်း မဖြစ်ပွားအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

စီအင်န်အင်န်။

ကန်တပ်ဖွဲ့က ဖမ်းဆီးထားသည့် အီရတ်သိပ္ပံပညာရှင် အကျဉ်းထောင်တွင် ဦးခေါင်းဒဏ်ရာဖြင့် သေဆုံး

လန်ဒန် မေ ၂၆

အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်နှင့် ရင်းနှီးသူဟုအများသိထားသော အီရတ်သိပ္ပံပညာရှင်တစ်ဦးသည် ဘဂ္ဂဒက်ရှိ အမေရိကန်တို့၏ အခြေစိုက်စခန်းအတွင်း၌ ထိန်းသိမ်းထားစဉ် သေဆုံးသွားရကြောင်း ဗြိတိန်သတင်းစာတစ်စောင်က ဖော်ပြလိုက်သည်။

သေဆုံးသွားသူ အီရတ်သိပ္ပံပညာရှင်မှာ ပါမောက္ခ မိုဟာမက်အစ္စမာလီ ဖြစ်သည်။ သူ၏အမည်မှာ ဆက်ဒမ်နှင့် အကျွမ်းဝင်သူ လူ ၂၀၀ တို့၏ စာရင်းတွင်ပါဝင်သည်။ ၎င်းမှာ ဦးနှောက်တွင် ဖိအားကြီးမားစွာ သက်ရောက်ခဲ့သည့်အတွက် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု စစ်ဘက်ဆရာဝန်က ကောက်ချက်ချထားကြောင်း ဂါဒီယန်သတင်းစာသတင်းတွင် ဖော်ပြခဲ့သည်။

ကောက်ချက်ချ

ဖိတ်အေမင်ဘေကာသည် ဘဂ္ဂဒက်ဆေးရုံရင်ခွဲဌာနမှ အကြီးအကဲဖြစ်သည်။ ၎င်းကလည်း သိပ္ပံပညာရှင်သေဆုံးရခြင်းမှာ ဦးခေါင်းနောက်ပိုင်းမှ ရုတ်တရက် အရှိန်ကြီးမားသော အင်အားတစ်ခုသက်ရောက်ခဲ့သည့်အတွက် အသက်ဆုံးရှုံးရခြင်းဖြစ်ကြောင်း ကောက်ချက်ချသည်။

ဘဂ္ဂဒက် ရေခဲတိုက်သို့ ပို့လိုက်သော သိပ္ပံပညာရှင်၏ အလောင်းတွင် အလောင်းအမှတ် ၁၉၀၉ ဟုသာ ဖော်ပြထားပြီး အမည်နှင့် သေဆုံးရသည့် ဦးခေါင်းဒဏ်ရာအကြောင်းကို တစ်စုံတစ်ရာ ဖော်ပြထားခြင်းမရှိဟု ဆိုသည်။

သိပ္ပံပညာရှင် အလ်အစ္စမာလီကို ၎င်း၏အိမ်မှ ၂၀၀၃ခုနှစ် ဧပြီလ ၂၆ရက်နေ့တွင် အမေရိကန်များ လာရောက်ဖမ်းဆီးသွားကြခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ မိသားစုနှင့်တစ်ကြိမ်မျှ တွေ့ဆုံခွင့်မရဘဲ အမေရိကန်များလက်တွင် ကိုးလနီးပါး ကြာအောင် ချုပ်နှောင်ထားခြင်းခံခဲ့ရသည်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင်မှ မိသားစုများသွားရောက်တွေ့ဆုံခွင့်ရခဲ့ကြောင်းသိရသည်။

အလ်စ္စမာလီ၏သမီးမှာ အသက်(၂၄)နှစ်ရှိ ရာနာဖြစ်သည်။ ဖခင်ကိုတွေ့ရသည့်အခါ ဖခင်သည် ကျန်းကျန်းမာမာရှိပါသည်။ အမေရိကန်များကို ဘာ့ကြောင့် ဖမ်းရပါသလဲဟုမေးကြည့်ရာ ဖခင်သည် သက်သေတစ်ဦးအဖြစ် ပါဝင်နေသောကြောင့်ဖြစ်ကြောင်း အကြောင်းပြန်ကြားခဲ့ပါသည်ဟု ရာနာက ဂါဒီယန်သတင်းစာသို့ ပြောပြသည်။

အကြောင်းကြား

နောက်တစ်လမျှအကြာ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ကြက်ခြေနီအဖွဲ့က ဖခင်သေဆုံးသွားပြီဖြစ်ကြောင်း ကျွန်မတို့ကို အကြောင်းကြားပါသည်။ အမေရိကန်နှင့် ဗြိတိန်များသည် ကျွန်မတို့နိုင်ငံကို ဒီမိုကရေစီပေးရန်လာရောက်သည်ဟုဆိုသည်။

သူတို့ကိုယ်သူတို့လည်း ဒီမိုကရေစီကျင့်သုံးသူများဟု ပြောကြပါသည်။ သို့ရာတွင် သူတို့သည် ကျွန်မဖခင်ကို အပြစ်ရှိကြောင်း တစ်စုံတစ်ရာမပြနိုင်ဘဲနှင့် သတ်ပစ်ခဲ့ကြပါသည်။ ဖမ်းဆီးထားစဉ်အတွင်းမှာလည်း ရှေ့နေများနှင့် တိုင်ပင်ခွင့်၊ ထုချေခွင့်ပင်မပေးခဲ့ပါ။ အမေရိကန်နှင့် ဗြိတိန်များကို ကျွန်မဘဝတစ်သက်လုံးမုန်းနေမိမည်ဖြစ်သည်ဟု သူမကပြောပြခဲ့သည်။ ***အင်တာနက်။***

ကန်တပ်ဖွဲ့ဝင်များ စီးနင်းဝင်ရောက်ရှာဖွေစဉ် အီရတ်တို့၏ ငွေကြေးနှင့်ပစ္စည်းများ ပျောက်ဆုံး

ဘဂ္ဂဒက် မေ ၂၆

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်ပြည်သူလူထု၏ အိုးအိမ်များအတွင်း ဝင်ရောက်စီးနင်းရှာဖွေစဉ် အီရတ်ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ ပစ္စည်းဥစ္စာများနှင့် ငွေကြေးများ ခိုးယူခံကြရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံအား သိမ်းပိုက်ခဲ့သည့် ၁၄ လအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံတစ်ဝန်းရှိ အီရတ်ပြည်သူတို့၏ အိုးအိမ်များကို ထောင်ချီ၍ စီးနင်းရှာဖွေမှုများပြုလုပ်ခဲ့ကာ အပေါင်းပါတပ်များ၏ လုပ်ကိုင်မှုများကို ဆန့်ကျင်သူဟု သင်္ကာမကင်းဖြစ်ရသူများ၏ ငွေကြေး လက်ဝတ်ရတနာများနှင့် အခြားစည်းစိမ်ဥစ္စာများကို သိမ်းဆည်းရယူခဲ့သည်။

အမေရိကန်ဦးဆောင်တပ်ဖွဲ့များအား တိုက်ခိုက်ရာတွင် ငွေကြေးထောက်ပံ့သည်ဟု သင်္ကာမကင်းခံရသည့် ပစ္စည်းများကို ယေဘုယျအားဖြင့် သိမ်းယူပြီး ပြောက်ကျားများအား ယင်းနည်းလမ်းဖြင့်ငွေကြေးထောက်ပံ့နေခြင်းကိုဖြတ်တောက်ပစ်ရာတွင် အောင်မြင်မှုရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

သို့ရာတွင် အီရတ်ပြည်သူလူထုကို မှားယွင်းပစ်မှတ်ထား ကာ ရှာဖွေစီးနင်းမှုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဖျက်လိုဖျက်ဆီးရန်မူလိုသောသဘောဖြင့် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း၊ တစ်သက်တာစုဆောင်းသမျှ ငွေများ၊ အဖိုးမဖြတ်နိုင်သည့် လက်ဝတ်ရတနာများနှင့် ဘိုးစဉ်ဘောင်ဆက် အမွေပစ္စည်းများမှာ ယင်းနည်းလမ်းအတိုင်း အခိုးခံနေရကြောင်း အီရတ်ပြည်သူများကညဉ်းညူပြောဆိုကြသည်။

မိမိကိုင်တွယ်နေရသည့် အမှုအများစုသည် အီရတ်ပြည်သူများ ပျောက်ဆုံးခဲ့သည့် ငွေကြေးနှင့် ဥစ္စာပစ္စည်းတို့အတွက် လျော်ကြေးရရေးဆိုင်ရာအမှုများဖြစ်ကြောင်း ရှေ့နေတစ်ဦးဖြစ်သူ အလာမီကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၂၅ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲ ဖြစ်ပွားပြီးနောက် အောင်ပွဲခံ နေသည့် အီရတ်လက်နက်ကိုင် များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ပုလိပ်ကြီးမလုပ်သင့်ကြောင်း အမေရိကန်ကို မက္ကဆီကိုသမ္မတ ဝေဖန်ပြောကြား

မက္ကဆီကိုစီးတီး မေ ၂၆

တစ်ချိန်က အမေရိကန်၏ ရင်းနှီးသော မဟာမိတ်ဖြစ်သူ မက္ကဆီကိုနိုင်ငံသမ္မတ ဗင်းဆင့်တီးဖောက်စ်က အမေရိကန်၏ အီရတ်ဆိုင်ရာမူဝါဒကို တနင်္လာနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။ ၎င်းက ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံကမျှ ကမ္ဘာ့ပုလိပ်ကြီး မလုပ်သင့်ဟု ဝေဖန်ခဲ့သည်။

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က ကြီးထွားလာနေသော အီရတ်ပြဿနာနှင့် ပတ်သက်၍ မည်သို့ကိုင်တွယ်သင့်သည်ဆိုသော နည်းဗျူဟာချမှတ်ရေးနှင့် စပ်လျဉ်း၍ မိန့်ခွန်း ပြောကြားရန်ရှိသည်။ ထိုမိန့်ခွန်း မပြောကြားမီ နာရီများစွာအလိုတွင် မက္ကဆီကို သမ္မတက အမေရိကန်၏ အီရတ်ကိစ္စ လုပ်ဆောင်ပုံနှင့် ပတ်သက်၍ ဝေဖန်လိုက်ခြင်းဖြစ်သည်။ ၎င်းက အီရတ်ပြဿနာမှ ရရှိလာသော သင်ခန်းစာမှာလည်း ရှင်းလင်းလှပါသည်ဟု ပြောကြားသွားသည်။

ဆုံးဖြတ်သင့်

အီရတ်နိုင်ငံကိစ္စကို ကိုင်တွယ်ရာ၌ တစ်နိုင်ငံတည်းက တစ်ဖက်သတ်ဆုံးဖြတ်၍ ကိုင်တွယ်လုပ်ဆောင်ရန် မဟုတ်ပါ။ နိုင်ငံအစိုးရများစွာပါဝင်၍ ဆုံးဖြတ်ဆောင်ရွက်သင့်သော ကိစ္စသာဖြစ်ပါသည်။ မည်သည့်နိုင်ငံကမျှ ကမ္ဘာ့ပုလိပ်ကြီးအဖြစ် တာဝန်မယူသင့်ပါ။ ကျွန်ုပ်တို့အနေဖြင့် ထိုကိစ္စကို သံသယတစ်စုံတစ်ရာ မထားဘဲ ရှိုးရိုးရှင်းရှင်းသာ ကြည့်မြင်ပါသည်ဟု မက္ကဆီကိုသမ္မတဖောက်စ်က ဆိုသည်။

ပယ်ဖျက်ပေးရန်

ဖောက်စ်သည် အမေရိကန် သမ္မတဘုရှ်နှင့် ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်သည်။ အီရတ်စစ်ပွဲ ဆင်နွှဲရေးကိစ္စတွင် မက္ကဆီကိုနိုင်ငံက လုံခြုံရေးကောင်စီအဖွဲ့ဝင်အနေဖြင့် မဲပေးရာတွင် အမေရိကန်၏ အလိုသို့ မလိုက်ဘဲ စစ်ကိုဆန့်ကျင်ကြောင်း မဲပေးခဲ့ပြီးနောက်ပိုင်းတွင် အမေရိကန်နှင့် ဆက်ဆံရေး အေးစက်စက် ဖြစ်လာခဲ့ကြောင်း သိရသည်။ အမေရိကန်နိုင်ငံ၌ ဖြစ်ပွားသော အမှုအခင်းများတွင် ပါဝင်ပတ်သက်နေသော မက္ကဆီကိုနိုင်ငံသားတစ်ဒါဇင်ခန့်အား သေဒဏ်ချမှတ်ခဲ့သော ကိစ္စကိုလည်း မက္ကဆီကိုသမ္မတဖောက်စ်က မလိုလားသဖြင့် ပယ်ဖျက်ပေးရန် တက်ကြွစွာ တိုက်ပွဲဝင်ခဲ့သည်။

အီရတ်ပြဿနာကို ဖြေရှင်းရာ၌ ကုလသမဂ္ဂအဖွဲ့ကို ပို၍နေရာပေးသင့်သည်။ ထို့အပြင် အီရတ်များကိုလည်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ပေးသင့်ကြောင်း၊ အမေရိကန်နှင့် အပေါင်းပါများက ထိုကိစ္စကို ဝင်ရောက်ဆောင်ရွက်သည်မှာ မသင့်တော်ကြောင်း မက္ကဆီကိုသမ္မတက ဝေဖန်ပြောကြားသွားသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်ခုခံရေးသမားများက စိန်ပြောင်းဖြင့်ပစ် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် မေ ၂၆

အီရတ်နိုင်ငံတွင် ခုခံရေး အင်အားစုတို့က စိန်ပြောင်းဖြင့်ပစ်၊ ကားဗုံးထောင်သဖြင့် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရကြောင်းဖြင့် အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန် ကြေညာသည်။

သေဆုံး

ဘဂ္ဂဒက်မြို့၏ အနောက်မြောက်ဘက် အမေရိကန်နှင့် အပေါင်းပါတပ်များ၏ စခန်းကို တနင်္လာနေ့ မွန်းလွဲပိုင်းက အီရတ်ခုခံရေး အင်အားစုတို့က စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက် သဖြင့် အမေရိကန် အထူးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရသွားသည်။

တိုက်ခိုက်

ဘဂ္ဂဒက်မြို့မြောက်ဘက် အက်ဒဝါ အနီးတွင် တနင်္လာနေ့ ည ၁၁ နာရီခွဲခန့်က အမေရိကန် တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် ဗုံးခွဲတိုက်ခိုက်ခံရပြီး အမှတ်(၁) ခြေလျင်တပ်မမှ အမေရိကန် တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရသွားကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

၇၉၈ ဦး

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်အား စတင်ထိုးစစ်ဆင် တိုက်ခိုက်ပြီးနောက်ပိုင်း အီရတ်၌ သေဆုံးသူ အမေရိကန် တပ်ဖွဲ့ဝင်ဦးရေ ၇၉၈ ဦးရှိသွားပြီဖြစ်သည်။ တိုက်ပွဲတွင် သေဆုံးသူ အမေရိကန် တပ်ဖွဲ့ဝင်များမှာ ၅၈၁ ဦးဖြစ်သည်ဟု အမေရိကန် စစ်ဘက် ထုတ်ပြန်ချက် စာရင်းများအရ သိရသည်။

အင်တာနက်။

အီရတ်နိုင်ငံကို အတုအယောင်အာဏာလွှဲပြောင်းပေးရန် အမေရိကန် လုပ်ဆောင်နေဟု အာရပ်များက ရှုမြင်

ကိုင်ရို မေ ၂၆

ကုလသမဂ္ဂကို အီရတ်အာဏာလွှဲပြောင်းရေးကိစ္စ၌ ဆုံးဖြတ်ချက်ချမှတ်စေပြီး ပါဝင်လုပ်ကိုင်လာရန်ဆောင်ရွက်နေသော်လည်း အမေရိကန်တပ်ဖွဲ့များ အီရတ်မှထွက်ခွာသွားရမည့်ရက်စွဲအတိအကျ မဖော်ပြဘဲချန်လှပ်ထားမည့် အစီအစဉ်ကို ဆောင်ရွက်နေသည်။

ဤသို့အားဖြင့် အမေရိကန်တို့က အီရတ်နိုင်ငံကို အချုပ်အခြာအာဏာ အတုအယောင်လွှဲပြောင်းပေးရန် လုပ်ဆောင်နေကြောင်း အာရပ်ပြည်သူအများနှင့် သတင်းဝေဖန်ရေးသမားများက ကောက်ချက်ချလျက်ရှိကြသည်။

လက်မခံ

အမေရိကန်သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်သည် မကြာသေးမီအချိန်က အီရတ်ရှိ အဘူဂါရိပ်အကျဉ်းထောင်ကို ဖျက်ဆီးပစ်လိုက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုသို့အဆောက်အအုံများကို ဖျက်ဆီးပစ်ကာမျှနှင့် အမေရိကန်တပ်ဖွဲ့များက အီရတ်အကျဉ်းသားများကို မဖွယ်မရာလုပ်သော အမည်းစက်များ ပျောက်ပျက်သွားမည်မဟုတ်သဖြင့် အကျဉ်းထောင်ဖျက်ဆီးရေး အဆိုပြုချက်ကို လက်မခံကြပါ။ အချို့ကလည်း ညဉ်းပန်းနှိပ်စက်ခံရမှုများကို အမှတ်ရနေစေရန် အကျဉ်းထောင်ကို ပြယုဂ်အဖြစ်ပြောင်းလဲကာ ထိန်းသိမ်းထားသင့်ကြောင်း အဆိုပြုကြသည်။

ပြီးခဲ့သောတနင်္လာနေ့တွင် အမေရိကန်အစိုးရက အီရတ်ကြားဖြတ်အစိုးရလက်သို့ ဇွန် ၃၀ ရက်တွင် အချုပ်အခြာအာဏာလွှဲပြောင်းပေးမည့်အစီအစဉ်ကို ကုလသမဂ္ဂအဖွဲ့က ထောက်ခံရန် တောင်းဆိုခဲ့သည်။ သို့ရာတွင် ထိုအစီအစဉ်တွင် အမေရိကန်တပ်ဖွဲ့များကို ထိန်းချုပ်ရေးကိစ္စနှင့် အမေရိကန်တပ်ဖွဲ့များ အီရတ်မှ ထွက်ခွာသွားရမည့်အချိန်များ မပါရှိဘဲ ကွင်းကျန်နေသည်ဟုဆိုသည်။

အမေရိကန်များသည် အသွင်တစ်မျိုးပြောင်း၍ အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များကို ဆက်လက်ချထားပြီး နိုင်ငံကိုဆက်လက်သိမ်းပိုက်ထားရန် စီစဉ်နေကြသည်။ အီရတ်များလက်သို့ အချုပ်အခြာအာဏာ အတုအယောင်ကို ပေးအပ်ပြီး ဘဂ္ဂဒက်အစိုးရကို ဆက်လက်ကြိုးကိုင် လွှမ်းမိုးထားရန် လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း ကာတာနိုင်ငံမှ အယ်ယ်ဝါတန်သတင်းစာက ဝေဖန်ရေးသားခဲ့သည်။

ကူဝိတ်နိုင်ငံထုတ် အမည်တူသတင်းစာဖြစ်သည့် အယ်လ်ဝါတန်၌လည်း လာမည့်ဇူလိုင်လတွင် အဆုံးအဖြတ်ပြုပိုင်ခွင့် အာဏာများကို ဘဂ္ဂဒက်ရှိ အမေရိကန်သံရုံးသို့ လွှဲပြောင်းပေးလိမ့်မည်ဟု သရော်တော်တော်ရေးသားခဲ့သည်။

ယုံကြည်ထောက်ခံသူမရှိ

ပြီးခဲ့သော တနင်္လာနေ့တွင် အမေရိကန်သမ္မတဘုရှ်က မိန့်ခွန်းပြောကြားရာ၌ အီရတ်များ၏ လူနေမှုဘဝကို တိုးတက်လာစေမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ သို့ရာတွင် ထိုစကားကိုယုံကြည်လက်ခံသူ မရှိသလောက်ပင်ဖြစ်သည်။

ဘုရှ်မည်သို့ပင်ပြောပြော ကျွန်ုပ်တို့ မယုံကြည်ပါ။ အမေရိကန်များသည် အီရတ်များအတွက် ဘာမျှလုပ်ပေးခဲ့သည်ဟူ၍မရှိပါ။ ယခုလည်း ဘုရှ်သည် ၎င်းစိတ်ကြိုက် အီရတ်အုပ်ချုပ်ရေးအဖွဲ့ကို ရွေးချယ်ပြီးနောက် အချုပ်အခြာအာဏာလွှဲပြောင်းရေးကတိကဝတ်ပြုနေပြန်ပါပြီဟု အီရတ်ကုန်သည် ဟာအီဒါမာဂျစ်ဒ်က ပြောကြားသည်။

အမေရိကန်များသည် လေသာများပြီး အမှန်တကယ် အလုပ်ဖြင့် သက်သေပြနိုင်သူများ မဟုတ်ပါဟု အီရတ်စစ်သားဟောင်းတစ်ဦး ဖြစ်သူ ဂျာဘားလူရေးက ဝေဖန်သည်။

သတိပြု

အီရတ်တွင် ဖြစ်ပေါ်ခဲ့သော ဆိုးရွားသည့်အခြေအနေများ၊ အကျဉ်းသားများကို အမေရိကန်များက ညှဉ်းဆဲသော လုပ်ရပ်များ ဘွင်းဘွင်းပေါ်လာသောအခါ အာရပ်အများသည် ကြောက်လန့်အံ့သြစွာဖြင့် အာရုံစိုက် သတိပြုလာကြသည်။ အာရပ်ကမ္ဘာမှ အများစုသည် အမေရိကန်တို့ ဆင်နွှဲသော အီရတ်စစ်ပွဲကို လိုလားထောက်ခံခြင်း မရှိကြပေ။

အီရတ်ရှိ အဘူဂါရိပ် အကျဉ်းထောင်ကို မဖျက်သိမ်းသင့်ပေ။ ထိုအကျဉ်းထောင်သည် အနိုင်ကျင့်စိုးမိုးမှု၊ အဓမ္မပြုမှုနှင့် ကျူးကျော်သိမ်းပိုက်မှု၏ သင်္ကေတများဖြစ်၍ ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ထားသင့်သည်ဟု အသက် ၂၁ နှစ်အရွယ်ရှိ အာရပ်စော်ဘွားများနိုင်ငံ နိုင်ငံသား စီးပွားရေးကျောင်းသား ရိမ်းရှီအာဒါးက ဆိုသည်။

စွဲထင်ကျန်ရစ်နေမည်

အဘူဂါရိပ် အကျဉ်းထောင်အတွင်းဖြစ်ရပ်များသည် ပြန်လည်ပြုပြင်၍ မရသော အရပ်ဆိုးသည့် အပြစ်ကြီးကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ထိုဆိုးသွမ်းလှသော အဖြစ်အပျက်များသည် အာရပ်များ၏ နှလုံးအိမ်တွင် ထာဝရစွဲထင်ကျန်ရစ် နေပေလိမ့်မည်။ ဘုရှ်အနေဖြင့် မည်မျှပင် ကြိုးစားလုပ်ဆောင်စေကာမူ ထိုအမည်းစက်ကို ဖျောက်ဖျက်ကုစားနိုင်တော့မည် မဟုတ်ပါဟု အိုမန်နိုင်ငံသား စာလမ်ဘင် စူလီမန်အလ်ဟမ်စီက ဝေဖန်ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန်ဆန့်ကျင်ရေးဟစ်ကြွေး

မေ ၂၅ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေးကြွေးကြော်သံများ ဟစ်ကြွေးဆန္ဒပြနေသည့် အီရတ်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် မေ ၂၇

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က၊ ပြည်လမ်း၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇၂)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဇွန် ၂ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ငြိုးခြံချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

အလင်းသုခ ဝေငှစို့

မြထိပ်တင်(ပန်းတနော်)

မမြင်မစမ်း၊ စိတ်ပင်ပန်း
ညှိုးနွမ်းနေတဲ့၊ သူ့ဘဝ၊
မရှိ၍ကန်း၊ မသိကန်း
နွမ်းပါးလှတဲ့၊ သူ့ဘဝ၊
အမှောင်လွှမ်းခြုံ၊ မပြည့်စုံသည့်
လူလုံးမလှ၊ သူ့ဘဝကို
ငါတို့စွမ်းရာ
ဥစ္စာ,ပညာ,စေတနာနှင့်
အလင်းသုခ ဝေငှစို့။ ။

(တစ်)

မိမိတို့အဖွဲ့ စီးနင်းလိုက်ပါလာခဲ့သော သဃ်န်းကျွန်းမြို့ ပရိယတ္တိမဇ္ဈိမ စာသင်တိုက် မော်တော်ကားသည် ၂၀၀၄ ခုနှစ် ဧပြီလ ၁ ရက်နေ့ နံနက် ၅ နာရီ လောက်ကတည်းက ကားလမ်းပေါ်တွင် အပြေးသွားနေရပေသည်။ မျက်စိ ဆရာဝန်များ ချိန်းဆိုထားသော ကန်တော်ကြီးဘေးရှိ မျက်စိအထူးကု ဆေးရုံကြီး သို့ သွားရောက်ခဲ့ကြပါသည်။ မျက်စိဆရာဝန်များသည် အဆင်သင့် စောင့်မျှော်နေ ကြသည်ကို တွေ့ရှိရပါသည်။ ဆရာဝန်နှစ်ဦးနှင့်အတူ ဆရာတစ်ဦး ပေါင်းသုံးဦး ကို ကားပေါ်တင်ခဲ့ကြပြီး အလုံဝေဘာဂီလမ်းတွင် နေထိုင်သော မျက်စိ ဆရာဝန် ဒေါက်တာစဂျေလွင်နှင့် စွဲ့မို့မို့အေးတို့၏ အိမ်သို့ရောက်ရှိကြ ပါသည်။

၎င်းတို့မိသားစုသည် ပန်းတနော်မြို့ မြတောင်ဆရာတော် အရှင်ကုမာရနှင့် အရှင်သောဘနတို့အား နံနက်ဆွမ်းကပ်လှူကြပြီး ဆရာဝန်များ၊ ကားဆရာ များအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးလိုက်ကြပါသည်။ ဒေါက်တာစဂျေလွင် သည် ဘိုကလေးသို့ လိုက်ပါရန် အစီအစဉ်ရှိပါသော်လည်း ဂျပန်နိုင်ငံသို့ ပညာတော်သင် သွားရန်ရှိနေသဖြင့် မလိုက်ပါနိုင်ခဲ့ပါ။ မိမိတို့အဖွဲ့သည် ဒေါက်တာစဂျေလွင်၏ အိမ်ရှေ့မှ နံနက် ၇ နာရီခန့်တွင် စတင်ထွက်ခွာ လာခဲ့ကြပြီး ဘိုကလေးမြို့သို့ နံနက် ၁၁ နာရီတွင် ရောက်ရှိခဲ့ကြပါသည်။ မအူပင်၊ ကျိုက်လတ်၊ ဖျာပုံမြို့များကို ဖြတ်ကျော်၍ မိုင် ၁၀၀ ကျော်ကျော် မောင်းနှင်ခဲ့ရခြင်းပင်ဖြစ်ပါသည်။ ယခင်နှစ်များလောက်တော့ လမ်းမကြမ်းတော့ ပါ။ အတော်များများကတော့ လမ်းချောလမ်းကောင်းများ ဖြစ်နေပါပြီ။

မိမိတို့အဖွဲ့ ဘိုကလေးမြို့ မိတ္ထီလာကျောင်းတိုက်၏ မုခ်ဦးသို့ရောက် သည်ဆိုလျှင် ကားဟွန်းကို အဆက် မပြတ်တီး၍ အသံပေးလိုက်ကြပါသည်။ ဆရာတော်များကိုယ်တော်တိုင် မုခ်ဦးသို့ထွက်၍ ကြိုဆိုတော်မူကြပါသည်။ တည်းခိုမည့် ကျောင်းဆောင်သို့ရောက်သောအခါ မိမိက ဆရာတော်များနှင့် ဆရာဝန်များအား မိတ်ဆက်ပေးခဲ့ရပါသည်။

"ဒီဆရာတော်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကံ့ကော် တစ်ထောင် ဆရာတော် ဘဒ္ဒန္တကေလာသ၊ ဒီဆရာတော်က အောင်လှိုင် ဆရာတော် ဘဒ္ဒန္တက္ကန္ဒက၊ ဒီဆရာတော်က မိတ္ထီလာဆရာတော် ဘဒ္ဒန္တဥတ္တမ ဒီဆရာတော်သုံးပါးဦးဆောင်ပြီး မျက်စိအလှူပြုကြမှာ ဖြစ်ပါတယ်။

ဒီဆရာဝန်က ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ဒေါက်တာ ဦးမင်းသန်းနိုင်ဦး၊ ဒီဆရာဝန်က ဒေါက်တာဦးပွင့်ဦး၊ သူက ဆရာဝန်နှစ်ဦးရဲ့ အကူဆရာပါဘုရား"။

ဆရာဝန်အဖွဲ့သည် ခေတ္တအနားယူကြပြီး သူတို့တည်းခိုမည့် မြနဒီတည်းခို ဆောင်သို့ ကံ့ကော်မေတ္တာ မျက်စိအထူးကု အကျိုးတော်ဆောင်အဖွဲ့နှင့် လိုက်ပါသွားခဲ့ကြပြီး ထမင်းသုံးဆောင်ကြပါသည်။ ကံ့ကော်တစ်ထောင် ဆရာတော် အမှူးပြုသော သံဃာတော်ခြောက်ပါးတို့အား ဆရာတော်၏ ရဟန်းဒါယကာ၊ ဒါယိကာမများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြပါသည်။

မွန်းလွဲ ၁ နာရီအချိန်မှစ၍ ဆရာတော်များ၊ ဆရာဝန်များသည် ဘိုကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ခဲ့ကြပါသည်။ ဆေးရုံဝန်ထမ်း များ၊ ကြက်ခြေနီအဖွဲ့၊ လူမှုကရုဏာအသင်းမှ ပုဂ္ဂိုလ်များကလည်း အဆင်သင့် စောင့်ကြိုနေကြပါသည်။ ထိုနေ့က မျက်စိရောဂါသည်များနှင့် သူတို့၏ အနီး ကပ် စောင့်ရှောက်ကြမည့် ပုဂ္ဂိုလ်များ စုစုပေါင်း ၃၀၀၀ ခန့်ဖြင့် ဆေးရုံတွင် စည်ကားနေပါသည်။

မျက်စိဆရာဝန်များ နေရာယူပြီးကြသောအခါ မျက်စိရောဂါသည်များအား တစ်ဦးချင်း တစ်ဦးချင်းခေါ်ယူ၍ ရှေးဦးစွာ ဆေးရုံဆရာ၊ ဆရာမများက အမြင်စမ်းသပ်ပေးခဲ့ကြပါသည်။ ၎င်းနောက် မျက်စိဆရာဝန်များထံသို့ ပို့ဆောင် ပေးကြပါသည်။ မျက်စိဆရာဝန်များကလည်း မျက်စိခွဲစိတ်ကုသ၍ ရ၊မရ သေချာစွာ စစ်ဆေးစမ်းသပ်ပေးခဲ့ကြပါသည်။ ၂၀၀၄ ခုနှစ် ဧပြီ ၁ ရက်နှင့် ၂ ရက်တို့တွင် စစ်ဆေးစမ်းသပ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ဆရာဝန်များသည် ထိုနှစ်ရက်အတွင်း မျက်စိရောဂါသည်ပေါင်း ၆၂၅ ဦးအထိ စမ်းသပ်ကြည့်ရှုပေးခဲ့ကြပြီး ခွဲစိတ်ကုသပေးရမည့်သူပေါင်းမှာ ၁၉၈ ဦးရှိပါသည်။ ခွဲစိတ်ကုသပေးရမည့် ရက်ကိုလည်း ဧပြီလ ၂၂ ရက်၊ ၂၃ ရက် နှင့် ၂၄ ရက်ဟူ၍ သတ်မှတ်ပေးခဲ့ကြပါသည်။

ဆရာဝန်များအဖွဲ့သည် ဧပြီ ၂ရက် ညနေ ၄ နာရီခန့်တွင် ကံ့ကော် တစ်ထောင် ဆရာတော်အား ရှိခိုးကန်တော့ပြီး ရန်ကုန်သို့ပြန်ခဲ့ကြပါသည်။ ရန်ကုန်သို့ ည ၉ နာရီကျော်ကျော်တွင် ပြန်ရောက်ခဲ့ကြပါသည်။ မိမိသည် သဃ်န်းကျွန်း ပရိယတ္တိမဇ္ဈိမစာသင်တိုက်သို့ပြန်ရောက်ပြီး ဆရာတော်အရှင် အာဒိစ္စနှင့် စကားအနည်းငယ်ပြောပြီး အိပ်ရာဝင်ခဲ့ပါသည်။ မိမိအိပ်ရာဝင်သော အခါ ဘိုကလေးမြို့ပြည်သူ့ဆေးရုံတွင် နှစ်ရက်တိုင်တိုင် မျက်စိဒါနအလှူအတွက် လှုပ်ရှားခဲ့ပုံများကို ပြန်လည်မြင်ယောင်နေမိပါသည်။

အထူးအားဖြင့် ခိုကိုးရာမဲ့ မျက်မမြင်ငါးဦးအတွက် အလှူဒါနပြုပြီး ကုသိုလ်ယူခဲ့သည့် စေတနာရှင် ဦးလှခိုင်အား မြင်ယောင်နေမိပါသည်။ ဦးလှခိုင် သည် သူကိုယ်တိုင် မျက်မမြင်ဘဝဖြင့် နေလာခဲ့ရပြီး ဒုက္ခဆင်းရဲ ခံစားခဲ့ရသူ ဖြစ်ပါသည်။ ခိုကိုးရာမဲ့ မျက်မမြင်ဒုက္ခသည်များအား ကိုယ်ချင်းစာ တရား အပြည့်အဝဖြင့် ကိုယ်တိုင်တွဲခေါ်ခဲ့ပြီး ဆရာဝန်များနှင့် ပြသပေးခဲ့ခြင်းပင်ဖြစ် ပါသည်။ သူကိုယ်တိုင်လည်း ကျန်းမာရေးကောင်း လှသည်မဟုတ်။ သို့သော် လည်း တက်ကြွသောသဒ္ဓါတရားများ၊ စေတနာများဖြင့် ပြုစုစောင့်ရှောက်လျက် ရှိနေသည်ကို တွေ့မြင်ခဲ့ရပါသည်။

(နှစ်)

ဧပြီ ၂၁ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ကထိက ဒေါက်တာ ဦးအောင်မြတ်စိုးနှင့်အဖွဲ့၊ ပန်းတနော်မြို့ မြမေတ္တာမျက်စိ အထူးကုဆေးခန်းမှ အကူဆရာ/ဆရာမများအဖွဲ့တို့သည် ဘိုကလေးမြို့ မိတ္ထီလာ ကျောင်းတိုက်သို့ ရောက်ရှိခဲ့ကြပြီး မျက်စိခွဲစိတ်ခံကြရမည့် မျက်စိရောဂါသည် ၉၀ အား ထပ်မံကြည့်ရှုပြီး မျက်တောင်မွေးညှပ်၊ သွေး၊ ဆီးစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ကြပါသည်။ ခွဲစိတ်ခန်း တာဝန်ခံ ဆရာမကြီး ဒေါ်အေးအေးမြင့်နှင့် အဖွဲ့ကလည်း မိုက်ခရိုစကုပ်များ တပ်ဆင်လျက်ရှိပါသည်။ ကြိုတင် လုပ်ဆောင် ဖွယ်ရာများကို လုပ်ဆောင်ပေးပြီးနောက် မြနဒီတည်းခိုခန်း၌ ညစာစားသောက် ခဲ့ကြပြီး၊ ပန်းသခင် တည်းခိုခန်း၌ ညအိပ်ခဲ့ကြပါသည်။ တည်းခိုခန်းပိုင်ရှင်များ ကလည်း အဖိုးအခမယူ အလှူဒါနပြုလိုက်ကြပါ သည်။ သီးသန့်အိမ်များ၌လည်း တည်းခိုခဲ့ကြပါသည်။

ဧပြီ ၂၂ ရက် နံနက် ၅ နာရီတွင် ပါမောက္ခဒေါက်တာ ဦးစိုးညွန့်နှင့်အဖွဲ့ ရောက်ရှိလာခဲ့ကြပါသည်။ နံနက် ၇ နာရီခန့်မှစတင်၍ မျက်စိရောဂါသည်များအား ခွဲစိတ်ကုသပေးခဲ့ကြပါသည်။ ဧပြီ ၂၂ မှ ၂၄ ရက်အထိ သုံးရက်တိုင်တိုင် ဖြစ်ပါသည်။ မျက်စိခွဲစိတ်ကုသပေးခဲ့ရသူပေါင်းမှာ ၁၆၂ ဦးရှိပြီး အသေးစား ခွဲစိတ်ကုသပေးခဲ့ရသူပေါင်းမှာ ၁၁ ဦးရှိပါသည်။ စုစုပေါင်း ၁၇၃ ဦးဖြစ်ပါသည်။

ဆရာဝန်များအဖွဲ့နှင့် ကံ့ကော်မေတ္တာ အကျိုးဆောင်အဖွဲ့သည် မျက်မမြင် ဒုက္ခိတဘဝမှ လွတ်မြောက်လာသူများအားကြည့်ပြီး ပြောပြ၍မရနိုင်အောင် ဝမ်းသာပီတိများတဖွားဖွား ဖြစ်ခဲ့ကြရပါသည်။

မျက်စိဆရာဝန်များအဖွဲ့၌ ပါမောက္ခ ကထိက ဒေါက်တာဦးစိုးညွန့်၊ ကထိက ဒေါက်တာဦးအောင်မြတ်စိုး၊ ဒေါက်တာဦးမင်းသန်းနိုင်ဦး၊ ဒေါက်တာ ဦးသန့်ဇင်၊ ဒေါက်တာဦးကျော်ဇောဝင်း၊ ဒေါက်တာဦးပွင့်ဦး၊ ဒေါက်တာ ဒေါ်အေးအေးသွင်၊ ဒေါက်တာ ဒေါ်တင်မိုးကြည်၊ ဆရာမ ဒေါ်အေးအေးမြင့်၊ ဆရာမ ဒေါ်မြင့်မြင့်ထူး၊ ဆရာမ ဒေါ်လွယ်ကပေါ၊ ဆရာမ ဒေါ်ကြည်ကြည်အေး (ပန်းတနော်)၊ ဆရာမဒေါ်အေးပုံ (ပန်းတနော်)၊ မန်းရေဘော်(ပန်းတနော်)တို့ ဖြစ်ကြပါသည်။

ဆရာဝန်များအဖွဲ့သည် ရာသီဥတု၏ အပူဒဏ်ကို ဂရုမထားနိုင်ဘဲ နံနက်၆နာရီခန့်မှစ၍ ည ၈ နာရီကျော်ကျော်အထိ ခွဲစိတ်ကုသပေးခဲ့ကြခြင်းဖြစ် ပါသည်။ ဘိုကလေးမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ မြို့နယ်ဆရာဝန်ကြီး နှင့် ဆရာ၊ ဆရာမများ၊ သန့်ရှင်းရေးလုပ်သားများ၊ ကြက်ခြေနီအဖွဲ့၊ လူမှု ကရုဏာအသင်း၊ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများ၊ ကံ့ကော်မေတ္တာမျက်စိ အထူးကုအကျိုးဆောင်အဖွဲ့နှင့် စေတနာရှင်များကလည်း အားတက်သရော ရွှင်ရွှင်လန်းလန်းဖြင့် အကူအညီပေးခဲ့ကြပါသည်။

ရန်ကုန်မြို့မှ စေတနာရှင်များကလည်း ဆရာဝန်များနှင့် ပေးပို့လှူဒါန်း လိုက်ကြပါသေးသည်။

မေတ္တာဦးမျက်စိအထူးကုဆေးခန်းမှ ဆေးပစ္စည်းအပြည့်အစုံ ကျပ် ၇၀၀၀၀၀၊ အယ်လ်ကွန်းဆေးကုမ္ပဏီမှ ဆေးမျက်စဉ်း ကျပ် ၁၈၀၀၀၀၊ စီဗာ ဗွီးရှင်းဆေးကုမ္ပဏီမှ ဆေးမျက်စဉ်း ကျပ် ၇၀၀၀၀၊ စီပလာဆေး ကုမ္ပဏီမှ ဆေးမျက်စဉ်း ကျပ် ၅၀၀၀၀ တန်ဖိုးရှိသော ဆေးပစ္စည်းအပြည့်အစုံတို့ကို လှူဒါန်းလိုက်ကြပါသည်။

ကံ့ကော်တစ်ထောင်ဆရာတော်နှင့်အဖွဲ့ကလည်း လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြရပါသည်။ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုလွှာကိုလည်း ဆရာဝန်ကြီးများမှတစ်ဆင့် ပေးပို့ခဲ့ကြပါသည်။ ဘိုကလေး မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၈၃)နေ ဦးလှခိုင်-ဒေါ်တင်လှ၊ သားကိုဝင်းလှိုင်၊ သမီး မတင်တင်မြင့်မိသားစုတို့ကလည်း ဆင်းရဲသူ ခိုးကိုးရာမဲ့သူ လေးဦးအတွက် ကျပ် ၁၂၀၀၀၀ လှူဒါန်းခဲ့ကြပါသည်။ အာဂစေတနာရှင် မိသားစုပင် မဟုတ်ပါလား။ သီးသန့်စေတနာရှင်အလှူရှင်များကလည်း ကျပ် ၅၀၀၀ မှ ကျပ် ၃၀၀၀၀ အထိ ကံ့ကော်တစ်ထောင်ဆရာတော်မှတစ်ဆင့် လှူဒါန်းခဲ့ ကြပါသည်။

သူတို့ သူတို့၏ စေတနာ၊ မေတ္တာတို့ကြောင့် မျက်စိရောဂါသည်များ မျက်မမြင် ဒုက္ခိတဘဝမှ လွတ်မြောက်ခဲ့ကြပြီမဟုတ်ပါလော။ အလင်းရောင် ချမ်းသာကို ခံစားခဲ့ကြရပြီ မဟုတ်ပါလော။ စေတနာ၊ မေတ္တာအပြည့်အဝရှိကြ သော မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ကံ့ကော်တစ်ထောင်ဆရာတော် ဘဒ္ဒန္တကေလာသနှင့် ကံ့ကော်မေတ္တာမျက်စိ အထူးကုအကျိုးဆောင်အဖွဲ့၊ မျက်စိဆရာဝန်ကြီးများအဖွဲ့၊ မြို့နယ်ဆရာဝန်ကြီးနှင့်အဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ လူမှုကရုဏာအသင်းအဖွဲ့၊ အာဏာပိုင်အဖွဲ့ စသည် စသည်တို့သည် ကျေးဇူး ကြီးမားလှသော ကျေးဇူးရှင်များအား မမေ့ကြဘဲ ကျေးဇူးဆပ်ကြဖို့ တိုက်တွန်း အပ်ပါသည်။

ဧပြီ ၂၂ ရက်နှင့် ၂၃ ရက်နေ့ညများတွင် မြို့မဓမ္မာရုံဆွမ်းလောင်းအသင်း ကြီးက ကမကထပြုကာ မျက်စိရောဂါသည်များအတွက် နှစ်ညတာ တရားပွဲ ကျင်းပပေးခဲ့ကြပါသည်။ ပထမညတွင် ရန်ကုန်မြို့ သာကေတရှုခင်းသာမှ ဓမ္မကထိကဆရာတော် အရှင်ဝေပုလ္လ၊ ဒုတိယညတွင် ပန်းတနော်မြို့၊ မြတောင် စာသင်တိုက် ဒုတိယနာယကဆရာတော် အရှင်ကုမာရတို့က မျက်စိအကြောင်း နှင့်ပတ်သက်၍ တရားဓမ္မများကို ဟောကြားတော်မူခဲ့ကြပါသည်။

ကံ့ကော်တစ်ထောင်ဆရာတော်သည် ပြည်သူ့ဆေးရုံဝင်းရှိ သံဃာ့ဆေး ကုသဆောင်ကို ပြန်လည်မွမ်းမံပြီး ဆေးပစ္စည်းများအတွက် ရာသက်ပန် ငွေပဒေသာပင်ကိုလည်း တစ်ပင်လျှင် ကျပ် ၁၀၀၀ မှ ကျပ် ၁၂၀၀၀ အထိ စိုက်ထူလှူဒါန်းနိုင်ကြောင်း အမိန့်ရှိတော်မူပါသည်။ မည်သူမဆို လှူဒါန်းနိုင် ကြောင်းလည်း သိရှိခဲ့ရပါသည်။

ကံ့ကော်တစ်ထောင်ဆရာတော်၏ စေတနာ၊ မေတ္တာတို့သည်ကား တိုင်းတာ၍ မရနိုင်သော စေတနာ၊ မေတ္တာတို့ဖြစ်ပါသည်။ မျက်စိခွဲစိတ်ကုသ ပေးပြီးနောက်တစ်နေ့ ပတ်တီးဖြေပြီး ဆေးရုံအပြင်သို့ ထွက်လာ၊ ပြန်လာကြသူ များအား ဆရာတော်က "ဘယ့်နှယ်လဲ၊ မြင်ကြရရဲ့လား"ဟု စေတနာ၊ မေတ္တာအပြည့်ဖြင့် မေးမြန်းစုံစမ်း စကားပြောဆိုလိုက်သောအခါ မျက်စိရောဂါ သည်များက နေကာမျက်မှန်ကိုဖြုတ်ပြီး ဆရာတော်အား "တပည့်တော်တို့ မျက်စိ မြင်ရပါပြီဘုရား။ တစ်သက်လုံး မျက်မမြင်ဘဝနှင့် နေရတော့မယ့် တပည့်တော်ရဲ့ဘဝကို ဆရာတော်ကြီးနှင့် ဆရာဝန်ကြီးများ ကယ်တင်လိုက်လို့ အတိုင်းအဆမရှိ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပြီး ကျေးဇူးတင်မဆုံး ရှိလှပါတယ် ဘုရား"ဟူ၍ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် အားပါးတရ လျှောက်ထားလိုက်ကြ ပါသည်။ ဆရာတော်က "အေး...အေး... ဝမ်းသာတော့ ဝမ်းသာပေါ့ကွယ်၊ မျက်ရည်မထွက်ကြစေ နဲ့၊ မျက်ရည်ဆိုတာ ဝမ်းသာရင်လည်း တွက်တတ်တယ်၊ ဝမ်းနည်းရင်လည်း ထွက်တတ်တယ်။ မျက်ရည်ထွက်တယ်ဆိုရင် ခွဲစိတ်တဲ့ မျက်စိမကောင်းဖြစ် တတ်တယ်။ ဆရာဝန်ကြီးများ ညွှန်ကြားလိုက်တဲ့အတိုင်း နေထိုင်စားသောက် ကြ။ မျက်စဉ်းခတ်ပေးကြ" ဟူ၍ ကရုဏာအပြည့်အဝရှိသော စကားများကို တဖွဖွပြောဆိုတော်မူလျက် ရှိပါသည်။

မိမိသည် ဆရာတော်နှင့် ဆရာဝန်ကြီးများ မျက်စိအလင်းရောင် ရရှိကြ သူများကိုကြည့်ပြီး မိမိ၏ မျက်လုံးနှစ်ထွေမှ မျက်ရည်များပင် လိမ့်ကျထွက်ကျ လာ ခဲ့ရပါသည်။ မိမိသည် မျက်မှန်ကို အသာအယာမပြီး လက်ကိုင်ပဝါဖြင့် မျက်ရည်များ သုတ်ခဲ့ရပါသည်။ မိမိ၏စိတ်ထဲမှလည်း ပန်းတနော်မြို့ မြမေတ္တာ မျက်စိ အထူးကုဆေးခန်းမှ ထုတ်ဝေခဲ့သော အထက်ဖော်ပြပါ ကဗျာလေးကို အကြိမ်ကြိမ်အခါခါ ရွတ်ဆိုမိခဲ့သည်သာ...။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၅-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၂၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၅** ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** **-Advantages & Disadvantages of Operating a Business** (အိမ်တွင်းစီးပွား)
- **၅:၃၀** ၁၀။ ပညာခေတ်
- **၅:၄၅** ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဉာဏ်ကျယ်လေး" (အပိုင်း-၂၅)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်၊ သိုင်းညီနောင်ငါးဖော်" (အပိုင်း-၄)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ညောင်နှစ်ပင်မှာ ပြန်ဆုံကြရာဝယ်

တက္ကသိုလ်မြတ်သူ

အမျိုးသားညီလာခံကြီးကို ယာယီဆိုင်းငံ့ထားခဲ့ရာမှ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်မှစ၍ ပြန်လည်ကျင်းပနေပြီဖြစ်သည်။ မှော်ဘီမြို့နယ် ညောင်နှစ်ပင်မှ အမျိုးသားညီလာခံကျင်းပမည့် အခင်းအကျင်း အပြင်အဆင်များကို ရုပ်မြင်သံကြားသတင်း၌ မြင်တွေ့လိုက်ရသည်။

၁၉၉၂ခုနှစ်တွင် အမျိုးသားညီလာခံကျင်းပရန် တည်ဆဲနိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ကိုယ်စားလှယ်များနှင့် နိုင်ငံတော်မှ တာဝန်ပေးအပ်သူများ ကြိုတင်ညှိနှိုင်းချိန်ကပင် အမျိုးသားညီလာခံသို့ တက်ခွင့်ရသော် ကောင်းလေစွဟု တမ်းတနေခဲ့မိသည်။

၂၄-၄-၁၉၉၂ရက်တွင် နိုင်ငံတော်က ကြေညာချက်အမှတ် (၁၁/၉၂)ကို ထုတ်ပြန်ကာ အမျိုးသားညီလာခံ ခေါ်ယူရေးလုပ်ငန်းကို အစပြုခဲ့သည်။

၂၈-၅-၁၉၉၂ရက်တွင် နိုင်ငံတော်က အမိန့်အမှတ်(၉/၉၂)ဖြင့် ၁၉၉၂ ခုနှစ် ဇွန်လ ၂၃ ရက် နံနက် ၈ နာရီအချိန် အလုံလမ်း သမ္မတအိမ်တော်ဝင်း အစည်းအဝေးခန်းမတွင် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ခေါ်ယူကြေညာသည်။ ယင်းညှိနှိုင်းဆွေးနွေးပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၁၅ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ခြောက်ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ သုံးဦး၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ တစ်ဦး၊ မြို(ခေါ်)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့မှ တစ်ဦး၊ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီမှ တစ်ဦး၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦးတို့ ပါဝင်ကြောင်း ဖော်ပြထားသည်။

၂၈-၅-၁၉၉၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၅/၉၂)ဖြင့် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို ဦးဆောင်ကျင်းပရန် ကော်မတီတစ်ရပ်ဖွဲ့စည်းပေးခဲ့သည်။ ထိုကော်မတီနှင့် ဖိတ်ကြားထားသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များသည် ၂၃-၆-၁၉၉၂ ရက်မှ စတင်ပြီး အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းခဲ့သည်။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၂၉ ဦးနှင့် ဆွေးနွေးညှိနှိုင်းရေး ဦးဆောင်ကော်မတီဝင် ၁၅ ဦး စုစုပေါင်း ၄၄ ဦး တက်ရောက်ခဲ့ကြသည်။

၃၀-၆-၁၉၉၂ ရက်၊ ၁၀-၇-၁၉၉၂ ရက်တို့တွင် ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲ အောင်မြင်ပြီးဆုံးသော ၁၀-၇-၁၉၉၂ ရက်တွင် ကော်မတီဥက္ကဋ္ဌက ဆွေးနွေးပွဲ ကိုယ်စားလှယ်အားလုံးကို ညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံသည်။ နိုင်ငံတော်အကြီးအကဲက ကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက် အားပေးခဲ့သည်။ ထိုဆွေးနွေးညှိနှိုင်းပွဲ၏ ရလဒ်အဖြစ် ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့၊ ကိုယ်စားလှယ်ရွေးချယ်ပုံနည်းလမ်းများ၊ ညီလာခံဦးတည်ချက်များ သတ်မှတ်ခဲ့ကြသည်။

ကျွန်တော့်ထံသို့ ၃၀-၁၂-၁၉၉၂ ရက်တွင် အမျိုးသားညီလာခံတွင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ရန် ဖိတ်ကြားစာပေးပို့ရရှိခဲ့သည်။ ညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲသတင်းများကို ရုပ်မြင်သံကြား၌ ကြည့်ရှုနေစဉ်က ညီလာခံတက်ခွင့်ရလျှင် ကောင်းလေစွဟု ကျွန်တော်တောင့်တခဲ့ရာ ယခု ဆန္ဒပြည့်ဝသွားရပြီဖြစ်၍ ဝမ်းမြောက်ရသည်။ ဂုဏ်ယူမိသည်။

အမျိုးသားညီလာခံသည် နိုင်ငံတော် အတွက် မရှိမဖြစ်လိုအပ်သော နိုင်ငံ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများ ဆွေးနွေးညှိနှိုင်း ချမှတ်ရန် ကျင်းပသော တစ်နိုင်ငံလုံး၊ တစ်ပြည်ထောင်စုလုံး၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုရ သည့် ညီလာခံကြီး ဖြစ်ပေသည်။

အမျိုးသားညီလာခံသည် နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သော နိုင်ငံ့ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ဆွေးနွေးညှိနှိုင်းချမှတ်ရန် ကျင်းပသော တစ်နိုင်ငံလုံး၊ တစ်ပြည်ထောင်စုလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုရသည့် ညီလာခံကြီး ဖြစ်ပေသည်။

လွတ်လပ်သော နိုင်ငံတစ်ခုမှ နိုင်ငံသားများသည် အချုပ်အခြာအာဏာကို ပိုင်ဆိုင်ကြသူများဖြစ်သည်။ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာကား (၁) ဥပဒေပြုရေးအာဏာ၊ (၂) အုပ်ချုပ်ရေး (စီမံခန့်ခွဲရေး)အာဏာ၊ (၃) တရားစီရင်ရေးအာဏာတို့ဖြစ်သည်။ ယင်းတို့ကို နိုင်ငံတော်အာဏာသုံးရပ် ဟူ၍လည်း သုံးနှုန်းနိုင်ကြသည်။

ပြည်သူတစ်ရပ်လုံးပိုင်ဆိုင်သော အချုပ်အခြာအာဏာကို မည်သို့မည်ပုံ၊ မည်သူမည်ဝါ၊ မည်သည့်အဖွဲ့အစည်းက ပြည်သူ့ကိုယ်စားကိုင်တွယ်ကျင့်သုံးရမည်၊ နိုင်ငံသားတို့၏ ပိုင်ခွင့်(နိုင်ငံသားအခွင့်အရေး)နှင့် တာဝန်များကား အဘယ်နည်းစသည်ဖြင့် အစီအစဉ်ကျနစွာ ရေးဆွဲထားသော ဥပဒေကြီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်။ အခြားဥပဒေများ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် အခြေခံဥပဒေကို ဆန့်ကျင်ဖွင့်ဆိုခြင်းမပြုရပေ။

ဤမျှအရေးပါသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အမျိုးသားညီလာခံက ပြည်ထောင်စုကြီးတစ်ခုလုံး အကျိုးရှေးရှုကာ အကောင်းဆုံး၊ အခိုင်မာဆုံး၊ အမှန်ကန်ဆုံး၊ အဖြစ်သင့်ဆုံး အခြေခံမူများ ညှိနှိုင်းချမှတ်ပေးရမည်ဖြစ်သည်။

၁၉၉၃ခုနှစ် ဇန်နဝါရီလ ၅ ရက်တွင် အမျိုးသားညီလာခံကိုယ်စားလှယ်များ ကျိုက္ကဆံကွင်း တည်းခိုဆောင်များသို့ စုံစုံညီညီရောက်ရှိကြသည်။ ဇန်နဝါရီ ၇ ရက်တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက ကိုယ်စားလှယ်များအား နှုတ်ခွန်းဆက်သော အခမ်းအနားကို ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။ ကိုယ်စားလှယ်အားလုံး တက်ကြွရွှင်လန်းလျက်ရှိကြသည်။

ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တွင် ကိုယ်စားလှယ် ၇၀၂ ဦး ပါဝင်သည်။ အစုအဖွဲ့ရှစ်ခုမှာ (၁) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ (၂) ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ (၃) တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ (၄) တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ (၅) အလုပ်သမားကိုယ်စားလှယ်များ၊ (၆) အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ (၇) နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ (၈) အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များဟူ၍ ဖြစ်သည်။ လူထုလူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားလူမျိုးစုံလင်လှသည်။ အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပသောအခါ တိုင်းရင်းသားကိုယ်စားလှယ်များက မိမိတို့ရိုးရာဝတ်စုံများ ဝတ်ဆင်တတ်ရောက်ကြရာ ပြည်ထောင်စုနေ့အခမ်းအနားကြီးဟုပင် ထင်မှတ်လောက်ပေသည်။ ပါတီများ၊ ရွေးကောက်ပွဲတွင်အရွေးခံရသော ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ တိုင်းရင်းသား၊ နိုင်ငံ့ဝန်ထမ်း၊ အခြားဖိတ်ကြားသင့်သော ကိုယ်စားလှယ် အစုအဖွဲ့အားလုံးတွင် တိုင်းရင်းသားစုံ ပါဝင်လေသည်။

၁၉၉၃ခုနှစ်၊ ဇန်နဝါရီလ ၉ရက်တွင် အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ စည်းဝေးပွဲ ခန်းမ၌ အမျိုးသားညီလာခံကြီး စတင်ဖွင့်လှစ်ကျင်းပသည်။ ကော်မရှင်ဥက္ကဋ္ဌ၏ ကြိုဆိုနှုတ်ခွန်းဆက်မိန့်ခွန်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ညီလာခံတွင် ဆွေးနွေးမည့်ခေါင်းစဉ်၊ အကြောင်းအရာနှင့် လုပ်ငန်းကော်မတီက လေ့လာစုဆောင်းရရှိထားသော စဉ်းစားဆွေးနွေးဖွယ် အချက်အလက်များ တင်ပြသည်။ ထို့နောက် ကိုယ်စားလှယ်များ ကျိုက္ကဆံကွင်း တည်းခိုဆောင်များသို့ ပြန်လာကြသည်။

ကျိုက္ကဆံကွင်းတွင် ကိုယ်စားလှယ်အိပ်ဆောင်များ၊ စုပေါင်းထမင်းစားခန်းမ၊ ဆေးရုံ၊ ဆေးခန်း၊ သက်သာအရောင်းဆိုင်၊ စားသောက်ဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ အဝတ်လျှော်ဆိုင်များရှိသည်။ အစုအဖွဲ့ ရှစ်ခုအတွက် အစည်းအဝေးခန်း ရှစ်ခုထားပေးသည်။ အစုအဖွဲ့အလိုက် အများသဘောတူ ရွေးထားသော သဘာပတိအဖွဲ့ဝင် ငါးဦးစီလည်းရှိသည်။

ကျွန်တော်တို့သည် ဦးစွာပထမ အခြေခံဥပဒေတွင် ပါဝင်မည့် အခန်းအလိုက် ခေါင်းစဉ်များကို အစုအဖွဲ့အတွင်း၌ ဆွေးနွေးကြသည်။

ကိုယ်စားလှယ်များသည် မိမိတို့ တင်ပြလိုသမျှ စာဖြင့်ရေးသားကာ တင်ပြဖတ်ကြား ဆွေးနွေးရသည်။ အချိန်အကန့်အသတ်မရှိ တင်ပြဆွေးနွေးလိုသလောက် တင်ပြခွင့်ရ၏။ လုပ်ငန်းကော်မတီဥက္ကဋ္ဌ တင်ပြသော အကြောင်းအရာ အချက်အလက်များကို ဖြည့်စွက်သူ၊ ကန့်ကွက်သူ၊ နုတ်ပယ်သူ၊ ထောက်ခံသူ၊ မထောက်ခံသူများ ရှိလာ၏။ မိမိတို့ဆန္ဒသဘောထားများကို စာတမ်းရေးသားတင်ပြ ဆွေးနွေးကြရာ၌ သဘောထားကွဲလွဲမှု၊ ငြင်းခုန်မှုများရှိ၏။ တူညီမှုများလည်း ရှိ၏။

ညီလာခံလုပ်ထုံးလုပ်နည်းများ စာအုပ်ကို ကိုယ်စားလှယ်တိုင်းအား ပေးထား၏။ ညီလာခံစည်းမျဉ်းများဟု ဆိုနိုင်၏။ ညီလာခံအောင်မြင်ရေး၊ စည်းကမ်းတကျရှိရေးအတွက် ရေးဆွဲထားသော လုပ်ထုံးလုပ်နည်းများဖြစ်သည်။ ညီလာခံတွင် အစုအဖွဲ့အစည်းအဝေးများ၊ စုံညီအစည်းအဝေးများတွင် ညီလာခံဦးတည်ချက် ခြောက်ရပ် ဘောင်အတွင်းမှ ဆွေးနွေးကြသည်။ ယင်းဦးတည်ချက် ခြောက်ရပ်သည် အခန်း(၁) နိုင်ငံတော်အခြေခံမူ (၁၀၄)ချက်ကို ဆွေးနွေးချမှတ်ရာ၌ နိုင်ငံတော်ဦးတည်ချက် ခြောက်ရပ်ပင် ဖြစ်လာသည်။

ယင်းအမျိုးသားညီလာခံနှင့် နိုင်ငံတော်ဦးတည်ချက် ခြောက်ရပ်မှာ (၁) ပြည်ထောင်စုမပြိုကွဲရေး၊ (၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ (၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ (၄) စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ (၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ (၆) အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ဖြစ်သည်။ ထိုဦးတည်ချက် ခြောက်ရပ်စလုံးသည် မြန်မာ့သမိုင်းကြောင်း၊ မြန်မာ့ရေမြေသဘာဝ၊ မြန်မာလူမျိုးတို့၏ ဆန္ဒသဘောထား၊ စရိုက်လက္ခဏာတို့အရ မုချလိုအပ်သော မူများဖြစ်နေသဖြင့် ညီလာခံကိုယ်စားလှယ်များက လက်ခံကြရုံမျှမက အခြေခံမူကြီး ၁၀၄ ချက်တွင် နိုင်ငံတော်ဦးတည်ချက် မူကြီးများအဖြစ် သတ်မှတ်လက်ခံခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့သည် အစုအဖွဲ့အတွင်း၌ အစည်းအဝေး အကြိမ်ကြိမ် ကျင်းပဆွေးနွေးကြသည်။ ထို့နောက် အစုအဖွဲ့ကိုယ်စားပြုစာတမ်းစုပေါင်းရေးသားကြသည်။ (အများနှင့် သဘောထားချင်းမတူညီသဖြင့် သီးခြားစာတမ်း ရေးသားသူများလည်း ရှိ၏။) အစုအဖွဲ့စာတမ်းကို အစုအဖွဲ့ စုံညီအစည်းအဝေးက အတည်ပြုပြီးလျှင် လုပ်ငန်းကော်မတီသို့ အစုအဖွဲ့ သဘာပတိ ငါးဦး၏ လက်မှတ်၊ အစုအဖွဲ့ဆုံးဖြတ်ချက်တို့ဖြင့် တင်ပြ၏။ အစုအဖွဲ့အားလုံးမှ စာတမ်းများစုံလျှင် လုပ်ငန်းကော်မတီက အလုံလမ်းခန်းမ၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေး ခေါ်ယူကျင်းပသည်။

စုံညီအစည်းအဝေးတွင် အစုအဖွဲ့အလိုက်၊ ပါတီအလိုက် စာတမ်းများ၊ တစ်ဦးချင်းခွဲတင်သော စာတမ်းများ ဖတ်ကြရသည်။ အချို့စာတမ်းများမှာ လက်နှိပ်စက်ဖြင့် ဖူးစကက် စာမျက်နှာ တစ်ရာကျော်၊ နှစ်ရာကျော်ခန့် ရှိသည်။ စာတမ်း အားလုံးပေါင်းလျှင် စာမျက်နှာ ထောင်ပေါင်းများစွာရှိ၏။

ယင်းစုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင် ကိုးဦးက ကြီးကြပ်၏။ အစုအဖွဲ့ရှစ်ဖွဲ့မှ သဘာပတိတစ်ဦးစီ ပေါင်း ရှစ်ဦး၊ လုပ်ငန်းကော်မတီမှ တစ်ဦး စုစုပေါင်းသဘာပတိကိုးဦးတို့က ကြီးကြပ်ဆောင်ရွက်သည်။ စာတမ်းအားလုံးဖတ်ပြီးလျှင် ထိုစုံညီသဘာပတိအဖွဲ့က ရုံးအဖွဲ့လူအင်အား၊ ကွန်ပျူတာ(စက်အင်အား)ဖြင့် စာတမ်းအားလုံးမှ တူညီချက်၊ ကွဲလွဲချက်များ မကြွင်းမကျန် မလစ်မဟာရအောင် ထုတ်နုတ်ယူကြ၏။ သုံးသပ်ကြ၏။ စုံညီသဘာပတိအဖွဲ့၏ သုံးသပ်ချက် စာတမ်းရေးသားပြီးသောအခါ စုံညီတွင်ဖတ်၏။ စာတမ်းအားလုံး၊ သဘောထား အားလုံးကို အကြောင်းအကျိုး၊ အကောင်းအဆိုး သုံးသပ်ရသဖြင့် ထိုသဘာပတိအဖွဲ့ စာတမ်းသည်လည်း စာမျက်နှာ ထောင်နှင့်ချီတော့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ကျေးဇူးတင်စကားပြန်လည်ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၇

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ညီလာခံ ကိုယ်စားလှယ်များ အမျိုးသားအဆောင်ဧည့်ခန်းမ၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များနှင့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များမှ သဘာပတိအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ငွေကျပ် ၂၄၀၀၀၀၀ တန်ဖိုးရှိ BASA Fillet ငါး ကီလို ၆၀၀နှင့် Skill ငါး ကီလို ၃၀၀၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ အုပ်စုက ငွေကျပ် ၂၀၅၀၀၀၀ တန်ဖိုးရှိ ပေါ်ဆန်းမွှေးဆန်အိတ် ၁၅၀ နှင့် စားတော်ပဲအိတ် ၂၀၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းအဖွဲ့ချုပ်က ငွေကျပ် ၁၅၀၀၀၀၀ တန်ဖိုးရှိ ရေချိုပုစွန် ကီလို ၂၀၀၊ အဏ္ဏဝါရေလုပ်ငန်း ဦးပိုင် လီမိတက်က ငွေကျပ် ၁၄၀၀၀၀၀ တန်ဖိုးရှိ Black Tiger ပုစွန်ကီလို ၂၀၀၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ငွေကျပ် ၁၁၇၀၀၀၀ တန်ဖိုးရှိ ပေါ်ဆန်းမွှေး ဆန်အိတ် ၁၀၀၊ မင်းဇာနည်ကုမ္ပဏီလီမိတက်က ငွေကျပ် ၇၅၀၀၀၀ တန်ဖိုးရှိ BASA Fillet ငါး ကီလို ၃၀၀၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းက ငွေကျပ် ၆၂၀၀၀၀ တန်ဖိုးရှိ ပေါ်ဆန်းမွှေးဆန်အိတ် ၅၀နှင့် ကောက်ညှင်းဆန်အိတ် ငါးအိတ်၊ နိုင်နိုင်အောင်ကုမ္ပဏီလီမိတက်က ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ BASA Fillet ငါး ကီလို ၂၀၀၊ အဏ္ဏဝါစိုးမိုးထရိတ်ဒင်း ကုမ္ပဏီ လီမိတက်က ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ BASA Fillet ငါး ကီလို ၂၀၀၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ ပဲဆီ ပိဿာချိန် ၂၃၂ပိဿာ၊ မြန်မာနိုင်ငံ ပဲ၊ နှမ်းကုန်သည်များအသင်းက ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ စားတော်ပဲ ငါးအိတ်၊ ပဲကြီး ငါးအိတ်နှင့် ပဲနီလေး ငါးအိတ်၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၈၂၀၀၀၀ တန်ဖိုးရှိ နိုင်ငံခြားဆေးဝါးမျိုးစုံ၊ တနင်္သာရီတိုင်း ရေဖြူမြို့နယ် နဘူးလယ်ဒေသမှ တောင်သူလယ်သမား အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးမောင်လွင်နှင့် ကျေးရွာအုပ်စု ငါးစုမှ တောင်သူလယ်သမားများက ငွေကျပ် ၃၀၀၀၀၀၊ ဒါရိုက်တာ ဇွန်မောင်မောင် (အောင်တမန် ဆေးဝါးထုတ်လုပ်ရေးမိသားစု)က ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ ဆေးထုပ် ၁၀၀၀၊ မောင်သုအောင်ကျော် (ဝါဇီကရဏဆေးတိုက်မိသားစု)က ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ ဆေးထုပ် ၆၀၀ နှင့် ဓမ္မစေတီကျောက်စာ စာရွက် ၁၀၀၀၊ မြဝတီစာပေတိုက်က ငွေကျပ် ၁၅၀၀၀ တန်ဖိုးရှိ ပြက္ခဒိန် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လက်ခံသည်။

ရှင်းလင်းပြောကြား

ထို့နောက် အလှူရှင်များကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က လှူဒါန်းရသည့် အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်နှင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များမှ သဘာပတိအဖွဲ့ဝင်များသည် အလှူရှင်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

အမျိုးသားညီလာခံကိုဂုဏ်ပြုသောအားဖြင့် အလှူရှင်များ လှူဒါန်းမှုအစုစုမှာ စုစုပေါင်းငွေကျပ် ၁၃၀၆၅၀၀၀ တန်ဖိုးရှိသည်။ (သတင်းစဉ်)

● စာမျက်နှာ ၇ ဆောင်းပါးမှအဆက်

ကိုယ်စားလှယ်တို့၏ စာတမ်းများကို ကျွန်တော်တို့စုံညီ၌ တစ်ပတ်၊ (၁၀)ရက် တစ်နေကုန်နားထောင်ရ၏။ သဘာပတိအဖွဲ့ စာတမ်းကိုလည်း လေးငါးရက်၊ တစ်ပတ်ဆိုသလို နားထောင်ရ၏။ ထို့နောက် အချိန်အတန်ကြာယူပြီး လုပ်ငန်းကော်မတီက ကော်မရှင်၏ အတည်ပြုချက်ဖြင့် ထိုခေါင်းစဉ်နှင့် စပ်လျဉ်းသော အခြေခံမူများ ချမှတ်ကြေညာ၏။ ညီလာခံကို ရပ်နားရပြန်၏။ တောင်သူလယ်သမားများက စိုက်ရေးပျိုးရေး၊ အခြားကိုယ်စားလှယ်များက ဝမ်းရေးလုပ်ငန်းများအတွက် ညီလာခံ နားလိုကြ၏။ ရာသီဥတုအပေါ်လည်းမူတည်၏။

သတ်မှတ်ရက်တွင် ညီလာခံပြန်စတော့ ထိုအစီအစဉ် အတိုင်းပင် ကော်မရှင်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ယခုတစ်ကြိမ် ဆွေးနွေးရမည့် ခေါင်းစဉ်နှင့် ပတ်သက်၍ လေ့လာစုစည်းထားသမျှ တင်ပြ၊ ကျွန်တော်တို့က အစုအဖွဲ့အတွင်းဆွေးနွေး၊ စုပေါင်းစာတမ်းပြု၊ စုံညီတွင် ဖတ်၊ သဘာပတိအဖွဲ့က သုံးသပ်တင်ပြ၊ လုပ်ငန်းကော်မတီက ကော်မရှင်အတည်ပြုချက်အရ အခြေခံမူချပြီး တစ်ခါရပ်နား၏။

ဤသို့ဖြင့် ညီလာခံကြီးက အခြေခံဥပဒေတွင် ပါဝင်ရမည့် အခန်းအလိုက် ခေါင်းစဉ် ၁၅ခုကို တစ်ခဲနက် သတ်မှတ်နိုင်ခဲ့သည်။ အခန်း(၁) လမ်းညွှန်အခြေခံမူ ၁၀၄ ချက် ချမှတ်နိုင်၏။ နိုင်ငံတော်တည်ဆောက်ဖွဲ့စည်းပုံကို အခန်း (၂)၌ ချမှတ်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲနှင့်စပ်ဆိုင်သော အခြေခံမူများကို အခန်း (၃)၌ ချမှတ်ခဲ့၏။ အခန်း ၄၊ ၅၊ ၆ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများအနက် ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ချမှတ်ခဲ့ပြီးဖြစ်သည်။ အဆိုပါ အခန်း ၄၊ ၅၊ ၆ တို့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ပိုင်ခွင့်အပိုင်းများကို ယခုကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံတွင် ဆွေးနွေးကြရမည်ဖြစ်သည်။

ဆွေးနွေးကြရာ၌ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြ၊ ငြင်းခုန်ကြ၊ ညှိနှိုင်းပြေလည်ကြနှင့် စိတ်ဝင်စားဖွယ် ကောင်း၏။ ပျော်ဖို့လည်းကောင်း၏။ ငြင်းခုန်ကြသည်ဆိုရာ၌ ရန်လိုမှုမပါ။ အကောင်းဆုံး၊ အမှန်ဆုံးရအောင် ငြင်းခုန်ဆွေးနွေး အဖြေကောင်း ထုတ်ယူကြခြင်းသာဖြစ်သည်။

စုံညီတွင်လည်းကောင်း၊ အစုအဖွဲ့အစည်းအဝေးတွင်လည်းကောင်း၊ ပြည်ထောင်စုခန်းမ၌ နေ့စဉ်နံနက်စာ၊ နေ့လယ်စာ၊ နေ့လယ်ကော်ဖီ၊ ညစာစားကြရာ၌လည်းကောင်း၊ ညီလာခံကွင်းမှ ဆိုင်များတွင်လည်းကောင်း၊ ကွင်းအတွင်း နံနက်စောစောနှင့် ညနေ လမ်းလျှောက်ကြရာ၌လည်းကောင်း ကိုယ်စားလှယ်များ ဆုံတွေ့ခွင့်၊ ရင်းနှီးခွင့်များရကြသည်။ ညီလာခံနားပြီဆိုလျှင် အိမ်ပြန်ရန် ခြေသွက်ကြသော်လည်း ခင်မင်ရင်းနှီးသော ညီလာခံ ဆွေးနွေးဖော်၊ ဆွေးနွေးဖက်များနှင့် ခွဲခွာရဦးမှာပါကလားဟူသော အသိကြောင့် စိတ်မကောင်းဖြစ်ကြ၏။ ညီလာခံကိုယ်စားလှယ်များအတွက် တစ်ပတ်လျှင် ရုပ်ရှင်တစ်ညပြပြီး အဆို၊ အတီး၊ အက ဖျော်ဖြေမှု ညစဉ်ပုံမှန် စီစဉ်ပေးရာ အပန်းဖြေကြရ၏။

ကျွန်တော့်တွင် အစုအဖွဲ့အားလုံးမှ ရင်းနှီးခင်မင်သူ ကိုယ်စားလှယ်မိတ်ဆွေ အများဆုံးရှိ၏။ အဘယ့်ကြောင့်ဟူမူ ကျွန်တော်သည် ညီလာခံကို သူများထက်စောဝင်၊ ညီလာခံနားလျှင် နောက်ဆုံးမှထွက်၊ ကြားရက်အိမ်မပြန်ဘဲ ညီလာခံတွင် အမြဲရှိသဖြင့် ကိုယ်စားလှယ်အများနှင့် ပိုမိုဆုံတွေ့ ရင်းနှီးခွင့်ရခြင်းဖြစ်သည်။ ကျွန်တော်တို့သည် တစ်ဦးကိုတစ်ဦး ကူညီကြသည်။ ရိုင်းပင်းကြသည်။ တစ်ယောက်လိုအပ်ချက် တစ်ယောက်ကူညီကြသည်။ လမ်းလျှောက်ရင်း ဆွေးနွေး၊ အဆောင်မှာနေရင်းဆွေးနွေး၊ ညီလာခံ သက်သာစားသောက်ဆိုင် ထိုင်ရင်းဆွေးနွေး၊ စုံညီအစည်းအဝေးသို့အသွား ကားပေါ်၌ ဆွေးနွေးကြသည်။ သူသိလိုသမျှ ကိုယ်ကပြော၊ ကိုယ်သိလိုသမျှ သူကပြော၊ အချက်အလက်၊ အသိအကိုးအကား စာအုပ်စာတမ်း ဖလှယ်လေ့လာကြရသည်မှာလည်း များစွာအကျိုးရှိသည်။

ယခု ညောင်နှစ်ပင်တွင် ညီလာခံအခင်းအကျင်း၊ အပြင်အဆင်များမှာ ယခင် ကျုံကြံ့ဆံကွင်းမှာထက် ပိုမိုပြည့်စုံသည်။ ကျွန်တော်တို့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း အပြည့်အဝဖြင့် ညီလာခံအောင်မြင်အောင် ပိုမိုအာရုံပြုဆွေးနွေးနိုင်ကြမည်ဟု ယုံကြည်ပါသည်။ အမျိုးသားညီလာခံ တက်ရောက်ခဲ့သော ကိုယ်စားလှယ်များ၊ ပိုမိုကျယ်ပြန့်စွာ ပါဝင်နိုင်ရန် တိုးဖြည့်ထားသော ကိုယ်စားလှယ်သစ်၊ မိတ်ဆွေသစ်များနှင့် ဆုံနေရပြီဖြစ်၍ ကျွန်တော် စိတ်လှုပ်ရှားနေမိသည်။ ကျွန်တော်တို့ ချစ်ကြည်စွာ၊ ရွှင်လန်းစွာ၊ တက်ကြွစွာ၊ ကျန်းမာစွာ အမျိုးသားအကျိုးစီးပွားအတွက် အမျိုးသားရေး စိတ်ဓာတ်ကိုယ်စီဖြင့် ဆုံတွေ့ကြ၊ ဆွေးနွေးကြ၊ ညှိနှိုင်းကြပါစို့။ ။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့်ပြသဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၂၇

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇နာရီမှ စတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။ ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင် ရိုက်ကူးပြီး သရုပ်ဆောင် ရန်အောင်၊ ထက်ထက်မိုးဦး၊ ရဲအောင်၊ လူမင်း၊ လှအဥ္ဇလီတင့်၊ မိုးဒီ၊ မော့စ်၊ တင်တင်လှတို့ ပါဝင်သရုပ်ဆောင်ကြသည့် ၂၀၀၁ခုနှစ် အကယ်ဒမီဆုရ "ကောင်းကင်ထက်က ပန်းတစ်ပွင့်" ရုပ်ရှင်ဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ (သတင်းစဉ်)

တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်း အခြေခံနှင့် တန်းမြင့်သင်တန်းဆင်းပွဲများ ကျင်းပ

ရန်ကုန် မေ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်း အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၄)နှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၀၄) သင်တန်းများဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိကြီးများ၊ အမှတ်(၂)စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီးနေဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)မှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်း၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြောကြား

အစီအစဉ်အရ ရေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် လေကြောင်းရဲညွှန့်လောင်း သင်တန်းများအပြင် အခြားသင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချ လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ယင်းကဲ့သို့ လေ့ကျင့်ပျိုးထောင်ပေးရခြင်းမှာ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို မြတ်နိုးပြီး တစ်မျိုးသားလုံး၏ အမျိုးသားအကျိုးစီးပွားကို တန်ဖိုးထားတတ်စေရန်၊ မိမိနိုင်ငံကို ချစ်မြတ်နိုးပြီး အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားရေးတာဝန်ကို သိရှိနားလည်စေရန်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်အတွက် ဦးတည်လေ့ကျင့်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ ယခုသင်တန်းဆင်းအသင်းဝင် လူငယ်မောင်မယ်များအနေဖြင့် သင်တန်းမှ ပို့ချလိုက်သော လေကြောင်းဘာသာရပ်ဆိုင်ရာ အသိပညာ၊ အတတ်ပညာနှင့် ဒေသန္တရဆိုင်ရာ ဗဟုသုတများကို လူငယ်များအတွင်း ပျံ့နှံ့အောင် အသိအမြင်ဖလှယ်ချင်းဖြင့် ဆောင်ရွက်သွားကြပါ၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် လက်တွေ့ကျကျ အသုံးချ အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါ၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြပါဟု ပြောကြားလိုကြောင်းဖြင့် တိုက်တွန်း ပြောကြားသွားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်က သင်တန်းဖွင့်လှစ်မှု အခြေအနေများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးအောင်မြင့်က တန်းမြင့်နှင့် အခြေခံသင်တန်းတို့မှ သင်တန်းသားခေါင်းဆောင်များအား သင်တန်းဆင်း လက်မှတ်များပေးအပ်ပြီးနောက် သင်တန်းဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လေကြောင်း ရဲညွှန့်လောင်း တန်းမြင့်သင်တန်းတွင် ပထမရရှိသူ မောင်ဇော်ဇော်အောင်၊ ဒုတိယရရှိသူ မောင်ဝေမင်းကို၊ တတိယရရှိသူ မောင်ထွန်းကျော်ထွေးတို့အား လည်းကောင်း၊ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်က အခြေခံသင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအားလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းဖွင့်လှစ်သော အမှတ်စဉ် (၁/၂၀၀၄) လေကြောင်းရဲညွှန့်လောင်း (အခြေခံ)သင်တန်းနှင့် (တန်းမြင့်) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အဏ္ဏဝါရေလုပ်ငန်း ဦးပိုင်လီမိတက်မှ လှူဒါန်းသော ငွေကျပ် ၁၄၀၀၀၀၀ တန်ဖိုးရှိ Black Tiger ပုစွန်ကီလို ၂၀၀ ကို လက်ခံယူစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ လှူဒါန်းသော ငွေကျပ် ၁၁၇၀၀၀၀ တန်ဖိုးရှိ ပေါ်ဆန်းမွှေးဆန်အိတ် ၁၀၀ ကို လက်ခံယူစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က နိုင်နိုင်အောင်ကုမ္ပဏီလီမိတက်မှ လှူဒါန်းသော ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ BASA FILLET ငါးကီလို ၂၀၀ ကို လက်ခံယူစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်များအသင်းမှ လှူဒါန်းသော ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ စားတော်ပဲငါးအိတ်၊ ပဲကြီးငါးအိတ်နှင့် ပဲနီလေးငါးအိတ်ကို လက်ခံယူစဉ်။ (သတင်းစဉ်)

လက်ခံ

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ဒါရိုက်တာ ဖွန်မောင်မောင် (အောင်တမန် ဆေးဝါးထုတ်လုပ်ရေး မိသားစု)မှ လှူဒါန်းသော ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ ဆေးထုပ် ၁၀၀၀ ကို လက်ခံယူစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၅-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၁၀ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈:၂၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၅ ၈။ ပသောင်းတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅:၄၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၅၀ ၉။ အိမ်တွင်းမှုသိပ္ပံ တိုင်းရင်းသားရိုးရာ အစားအစာ(ကယား)
- ၆:၀၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
- ၆:၁၀ ၁၁။ Discovery.
- ၆:၂၀ ၁၂။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ် (အပိုင်း–၂၆)**
- ၇:၃၀ ၁၆။ ရခိုင်ပြည်နယ် (အပိုင်း–၂)
- ၇:၄၀ ၁၇။ "ကျေးလက်ဒေသတစ်ခွင်အလှဆင်"
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း "နှလုံးသားလွင်ပြင်" (အပိုင်း–၂) (ရန်အောင်၊ ရဲမင်းပိုင်၊ ဆုပန်ထွာ) (ဒါရိုက်တာ– ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

ရွာရန်ရာနှုန်းပြည့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ငါးရစ်၊ ငါးသန် ရာသီချိန်တွင် ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက် (၁/၉၇)

ငါးရစ် ငါးသန်၊ ဘေးမဲ့ချန် ပုံမှန်စားသုံး၊ မျိုးမတုံး

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများသည် ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက်ငါးသန်များသည်လည်း သေကြေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာ စားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၂/၉၂)ဖြင့်ငါးရစ်၊ငါးသန်ရာသီချိန်များတွင်ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲ အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊
ငါးလုပ်ငန်းဦးစီးဌာန။

တိပိဋကဓရ ချီးကျူးဂုဏ်ပြုပူဇော်မည်

ရန်ကုန် မေ ၂၇

(၅၆) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ကောဒသမ (၁၁ပါး)မြောက်ပေါ်ထွန်းလာသော တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တ ကူနန္ဒပါလ အရှင်သူမြတ်အား ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)မှ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မေ ၃၀ရက် (တနင်္ဂနွေ)နေ့ နံနက် ၈နာရီ တွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ရခိုင်ပြည်နယ်ဓမ္မာရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ ရန်ကုန်ရောက် ရမ်းဗြဲမြို့နယ်သူ၊ မြို့နယ်သားများနှင့် ကြည်ညိုပူဇော်လိုသူများ တက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက တရုတ်ရုပ်ရှင်လေ့လာရေးအဖွဲ့အား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ နှစ်နိုင်ငံ ရုပ်ရှင်နယ်ပယ်အကြား ဖလှယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် မြန်မာနိုင်ငံတွင် လေ့လာရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen **ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲကို ယနေ့ ည ၇နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်ချီးမြှင့်သည်။**

တက်ရောက်

ညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်၊ ဒုတိယဥက္ကဋ္ဌ ဦးကြီးမြင့်၊ အတွင်းရေးမှူး ဦးကျော်သူ၊ တွဲဖက်အတွင်းရေးမှူးများနှင့် အမှုဆောင်များ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs.Liu Xiuwen ခေါင်းဆောင်သော လေ့လာရေး အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

ညစာစားပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ လေ့လာရေးအဖွဲ့ဝင်များသည် ရုပ်ရှင်နယ်ပယ်မှ အတတ်ပညာနှင့် အတွေ့အကြုံများကို ရင်းနှီးစွာအမြင်ချင်းဖလှယ်ကြသည်။

ညစာသုံးဆောင်အပြီးတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က Mrs.Liu Xiuwen ခေါင်းဆောင်သော လေ့လာရေးအဖွဲ့အား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မြန်မာနိုင်ငံတွင် လေ့လာရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen **ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

မြန်မာနိုင်ငံတွင် လေ့လာရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen **ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က လေ့လာရေး အဖွဲ့အား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။**
(သတင်းစဉ်)

သတ္တဗေဒမိသားစု အလှူငွေများလှူဒါန်း

ရန်ကုန် မေ ၂၇

ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၅-၄-၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကျင်းပခဲ့ပြီး ကောက်ခံရရှိသော အလှူငွေများမှ လက်ကျန်ငွေများအားလုံးကို ဇီဝိတဒါန သံဃာ့ဆေးရုံသို့ ကျပ်နှစ်သိန်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ကျပ်နှစ်သိန်း**(အပေါ်ယာပုံ)**၊ ကန်တော်ကလေး လူအိုရုံသို့ ကျပ်နှစ်သိန်း၊ မွတ်ဆလင်ဘိုးဘွားများဂေဟာသို့ ကျပ်နှစ်သိန်း၊ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းသို့ ကျပ်နှစ်သိန်း၊ ဝိသာခါသီလရှင် မိဘမဲ့ကလေးများကျောင်းသို့ ကျပ်နှစ်သိန်းနှင့် နာရေးကူညီမှုအသင်းသို့ ကျပ်နှစ်သိန်း၊ စုစုပေါင်းအလှူငွေကျပ် တစ်ဆယ့်လေးသိန်းကို မေ ၂၁ရက်က ဖြစ်မြောက်ရေးကော်မတီဝင်များက သွားရောက်လှူဒါန်းခဲ့ကြသည်။ (က-ပ)

ပညာသင်ထောက်ပံ့

အလုံမြို့နယ် စောရန်ပိုင် အရှေ့ ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့၏ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို မေ၂၂ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုံးသင်က ကျောင်းသားတစ်ဦးအား ပညာသင်ထောက်ပံ့ကြေးပေးအပ်စဉ်။
(က-ပ)

နီကွန်ဒစ်ဂျစ်တယ်ကင်မရာ သရုပ်ပြရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် Big Camera Ltd. တို့ ပူးပေါင်းကျင်းပသည့် Nikon Digital SLR D 70 နှင့် D2H ကင်မရာများနှင့် ပတ်သက်၍ သရုပ်ပြ ရှင်းလင်းပွဲကို မေ ၂၅ရက် ညနေ ၃နာရီတွင် အမှတ်(၂၇/၂၉) ၃၅လမ်း ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံဓာတ်ပုံအသင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ Big Camera Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဆန်းငွေနှင့် တာဝန်ရှိသူများ၊ ဓာတ်ပုံဝါသနာရှင်များတက်ရောက်ကြသည်။

လက်တွေ့သရုပ်ပြ

ရှင်းလင်းသရုပ်ပြပွဲတွင် NIKON Singapore မှ မန်နေဂျင်းဒါရိုက်တာ Mr. Toru Iwaoka က အဖွင့်မိတ်ဆက်စကားပြောကြားပြီး Asia Technical Office မှ မန်နေဂျာ Mr.Daren Tan နှင့်အတူ Executive Mr. Richardson Lau တို့က NIKON D70 SLR နှင့် D2H ဒစ်ဂျစ်တယ်ကင်မရာတို့၏ စွမ်းဆောင်ရည်များကို လက်တွေ့သရုပ်ပြ ရှင်းလင်းကြသည်။ **(အောက်ပုံ)** (က-ပ)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၄)

World No - Tobacco Day
(31-5-2004)

"ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှု၊ လူမှုဘဝချမ်းသာရ"

Tobacco Control and Poverty

ကျန်းမာရေးဝန်ကြီးဌာန

★ ဂန့်ဂေါမြို့မှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် စည်းဟောင်–ဆည်တောဘူတာစဉ်တစ်လျှောက် သံလမ်းပြေးရထားဖြင့် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၉နာရီခွဲတွင် ကား၊ ရထားအသုံးပြုနိုင်သော မဏိပူရမြစ်ကူး ကမ္ဘားနီတံတားသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည်ကမ္ဘားနီတံတား၏ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တံတားအောက်ရှိ မဏိပူရမြစ်၏ ရေစီးရေလာကောင်းမွန်ရေးတို့အတွက်အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းရေး၊ တံတားကြီး ရေရှည်အသုံးပြုနိုင်ရန် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မဏိပူရမြစ်၏ ရေကျချိန်ရေတက်ချိန်တို့ကို မှတ်တမ်းထားရှိရေးတို့ကို မြန်မာ့မီးရထား တိုင်းအမှတ်(၁၀)မှ တာဝန်ရှိသူများအား မှာကြားသည်။

မြေရိုင်းဖော်ထုတ်ရေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ဆည်တော–မှန်တော–ဟံသာဝတီ–ကုက္ကား–မြောက်ခင်ရန်း ဘူတာစဉ်တစ်လျှောက် သံလမ်းပြေးရထားဖြင့် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၀နာရီ မိနစ်၅၀တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ မြစ်သာမြစ်ဝှမ်း မြေရိုင်းဖော်ထုတ်ရေးစီမံကိန်း တောင်ခင်ရန်းစိုက်ကွင်းသို့ ရောက်ရှိကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့် ဂန့်ဂေါခရိုင်ဥက္ကဋ္ဌတို့က ကြိုဆိုကြသည်။

ယင်းနောက် တောင်ခင်ရန်း စိုက်ကွင်း ရှင်းလင်းဆောင်၌ စိုက်ကွင်းတာဝန်ခံ ဗိုလ်မှူးဝင်းထွတ်က တောင်ခင်ရန်းစိုက်ကွင်း၌ ၂၀၀၄–၂၀၀၅ မိုးစပါးစိုက်ပျိုးရေး ရာသီတွင် မိုးစပါးဧက ၃၅၀၊ ပဲစင်းငုံဧက ၂၀၀၊ စိုက်ပျိုးပြီးသီးညှပ်အနေဖြင့်နှမ်းဧက ၅၀၊ ကြက်ဆူဧက၂၀၀၊ နေကြာဧက၂၂၀စိုက်ပျိုးမည့် အစီအမံများကိုလည်းကောင်း၊ ဆောင်းသီးနှံအနေဖြင့် ပဲမျိုးစုံနှင့် ရာသီသီးနှံဧက၃၀၀နှင့် နွေစပါး ဧက၃၀၊ နွေနှမ်း ၁၀ဧကစိုက်ပျိုးမည့် အစီအစဉ်များကိုလည်းကောင်း၊မွေးမြူရေးအနေဖြင့် နွားကောင်ရေ ၈၆ကောင် မွေးမြူထားရှိမှုကိုလည်းကောင်း၊ တောင်ခင်ရန်းစိုက်ကွင်းအတွက် စက်ယာဉ်ယန္တရားများ ရရှိမှုအခြေအနေတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေနှင့် တိုင်းမှူးဗိုလ်ချုပ်သာအေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တောင်ခင်ရန်းစိုက်ကွင်းအတွင်း စီမံကိန်းဆောင်ရွက်ရန် လျာထားသတ်မှတ်ထားသည့်အတိုင်း အောင်မြင်အောင် ဆောင်ရွက်ရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင် ဆောင်ရွက်သွားကြရေးနှင့် နှစ်ရှည်ပင် သီးနှံများဖြစ်သည့် တညင်း၊ သရက်၊ ဆီး အစရှိသည့် ဒေသနှင့်ကိုက်ညီသော သီးပင်စားပင်များကို အောင်မြင်ဖြစ်ထွန်းအောင်စိုက်ပျိုးကြရေး ငါးမွေးမြူရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် တောင်ခင်ရန်းစိုက်ကွင်းအတွင်း ရတနာအောင်မျိုး နွေစပါးဧက ၃၀ စိုက်ခင်းကိုလည်းကောင်း၊ နွေနှမ်း ၁၀ဧက စိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးလှငွေတို့လိုက်ပါလျက် သံလမ်းပြေးရထားဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ တောင်ခင်ရန်းဘူတာနှင့် နှမ်းခါးဘူတာကြား ဂန့်ဂေါ–ကလေး ကားလမ်းပေါ်၌ ပခုက္ကူခရိုင် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်နေသော တော်ဝင်ချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပခုက္ကူခရိုင် အင်ဂျင်နီယာမှူး ဦးဇော်ဝင်းမြင့်က တံတားတည်ဆောက်နေမှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တံတားတည်ဆောက်ရေးလုပ်ငန်းရုံး ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့အား ပခုက္ကူခရိုင် အင်ဂျင်နီယာမှူး ဦးဇော်ဝင်းမြင့်က တော်ဝင်ချောင်းတံတားကို RC, RPT သစ်သား အပိုင်းသုံးပိုင်းဖြင့် ဆောင်ရွက်နေမှုနှင့် အပိုင်းလိုက် လုပ်ငန်းများပြီးစီးမှု အခြေအနေများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့်အဖွဲ့သည် သံလမ်းပြေးရထားဖြင့် ဆက်လက်ထွက်ခွာလာခဲ့ကြရာ မွေ့လည်ဘူတာနှင့် ကန်ဘူတာအကြား မြစ်သာမြစ်ကူးရထား–ကားနှစ်လမ်းသွား ကံရွာတံတားသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် မြစ်သာတံတားကံရွာ၏ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တံတားကိုစနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ကန်–လက်ပန်–ကွဲနန်း–မြင်းဇာ–လာပို့ ဘူတာစဉ်တစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲ၂နာရီ ၁၀မိနစ်တွင်ဂန့်ဂေါဘူတာသို့ရောက်ရှိကြပြီး ဂန့်ဂေါဘူတာမှ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှနှင့် ဂန့်ဂေါခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ဂန့်ဂေါမြို့ မြို့နယ်ခန်းမသို့ ရောက်ရှိကြပြီး ဂန့်ဂေါခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ ချင်းပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးလှငွေ၊ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် အဖွဲ့ဝင်များ၊ ဂန့်ဂေါမြို့နယ်နှင့် ရပ်ကွက်တို့မှ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေက ဂန့်ဂေါခရိုင်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ကျန်းမာရေး၊ပညာရေး၊လူမှုရေး၊ စီးပွားရေး အခြေအနေများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ဂန့်ဂေါဒေသသည် မြစ်သာမြစ်ဝှမ်းဒေသတွင်ပါရှိပြီး မြစ်သာမြစ်ဝှမ်းသည် ကလေး၊ ကလေးဝဒေသများအထိ ကျယ်ပြန့်ကာ စိုက်ပျိုးရေးဖြစ်ထွန်းသော ဒေသတစ်ခုဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေး အနေဖြင့် ကြည့်မည်ဆိုပါကလည်း ချင်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်း ဆက်သွယ်သွားလာရန် ဗဟိုအချက်အချာကျသော မြို့တစ်မြို့ဖြစ်ကြောင်း၊ ဂန့်ဂေါမြို့သည် ချင်းပြည်နယ်သို့ ကလေး–ဂန့်ဂေါလမ်းအတိုင်းသွားလာနိုင်ပြီး ချင်းပြည်နယ် တောင်ပိုင်းသို့ အိုက်ကား–ရေဇွာ–မတူပီလမ်းအတိုင်းဆက်သွယ်သွားလာနိုင်ကြောင်း၊ ဂန့်ဂေါမြို့မှတောင်ဘက်ပိုင်းတွင်ရှိသော ထီးလင်း၊ ကျောက်ထုတို့မှတစ်ဆင့် ချင်းပြည်နယ် ကန်ပက်လက်–မင်းတပ်သို့လည်းသွားလာနိုင်ကြောင်း၊ အရှေ့ဘက်သို့ သွားမည်ဆိုပါက စစ်ကိုင်းတိုင်းအတွင်းရှိ မင်းတိုင်ပင် – ဆားလင်းကြီး – မုံရွာမြို့တို့မှတစ်ဆင့် သွားလာနိုင်ကြောင်း။

ရထားလမ်းအနေဖြင့် ပုံတောင်ပုံညာရထား ဥမင်လိုဏ်ခေါင်းပေါက်သွားပြီဖြစ်ရာ ကျော၊ ဆီးပြား၊ မြိုင်၊ ပခုက္ကူမြို့တို့အထိ သွားလာနိုင်တော့မည်သာမက ပခုက္ကူ–ဂန့်ဂေါ–ကလေး တောက်လျှောက် သွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဂန့်ဂေါမြို့သည် ချင်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်း၊မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းသို့သွားရန် ဗဟိုအချက်အချာဒေသ ဖြစ်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က ဂန့်ဂေါမြို့ကို ချင်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းကို နီးကပ်စွာ အထောက်အကူ ပြုပေးနိုင်ရန် မြို့နယ်အဆင့်မှ ခရိုင်အဆင့်သို့ တိုးမြှင့်ပေးခဲ့ပြီး ပညာရေး၊ ကျန်းမာရေးတို့ကို အဆင့်မြှင့်တင်ပေးလျက်ရှိကြောင်း။

ထိုကဲ့သို့ နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးမှုအပေါ် မိမိဒေသဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်စေရန်အတွက် ခရိုင်နှင့်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊လူမှုရေး အသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအနေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ ကြိုးစားလုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း။

ဂန့်ဂေါခရိုင်၏ စီးပွားရေးတိုးတက်မှုနှုန်းမှာမကွေးတိုင်းတွင် အဆင့်(၂)ရှိသော်လည်းဂန့်ဂေါခရိုင်အတွင်းရှိမြို့နယ်သုံးခုတွင်မူ အဆင့်(၃)တွင်သာ ရှိနေသေးသဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ထပ်လောင်းမှာကြားလိုကြောင်း၊ မြို့နယ်၌ဆန်ဖူလုံမှုရှိပြီး ပိုလျှံနေမှုကို ကျေနပ်၍ မနေကြဘဲပိုလျှံသောဆန်များကို မကွေးတိုင်းနှင့် ချင်းပြည်နယ်အတွက် အထောက်အကူ ပြုပေးသွားနိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အနေနှင့် ခရိုင်အတွင်းရှိ အားနည်းနေသေးသည့် မြို့နယ်များနှင့် အားသာသည့်မြို့နယ်များကို ပြန်လည်ဆန်းစစ်ပြီး ဖွံ့ဖြိုးမှု အားနည်းနေသောမြို့နယ်များအား ပိုမိုအာရုံစိုက်၍ တာဝန်ရှိသူအဆင့်ဆင့်တို့က ကြိုးကြပ်ကြပ်မတ် ဆောင်ရွက်ကြရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အသိစိတ်ဓာတ်ရှိရှိဖြင့် စေတနာထား ဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသွားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တက်ရောက်လာကြသော ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် ဂန့်ဂေါမြို့နယ် မြေခံတပ်ရင်းသို့ရောက်ရှိကြပြီး ဂန့်ဂေါမြို့တွင် ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ (၇)၌ ကျင်းပရာ အလှည့်ကျ သဘာပတိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်ကအဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

✧ အမျိုးသားညီလာခံမှ

အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ကျင်းပရာ သဘာပတိအဖြစ် ပါမောက္ခဌာနမှူးနှင့်ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာသိန်းညွန့်(ညွန့်ဝေ–ကသာ)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူးဦးလှမြင့်တို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ ဦးရှိသည့်အနက် ၅၂ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ ၈၆ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ပါမောက္ခဌာနမှူးနှင့် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာသိန်းညွန့်(ညွန့်ဝေ–ကသာ)က အဖွင့်အမှာစကား ပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များအပေါ် ဥပဒေပြုရေးဆိုင်ရာကဏ္ဍနှင့် ပတ်သက်၍ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစော၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ ဒေါက်တာသံဒိုင်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ်(လျှပ်စစ်) ဦးအောင်သိန်းတို့က အကြံပြုစာတမ်းများကို အသီးသီးတင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉နာရီ ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ (၇)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၉ဦးရှိသည့်အနက် ၁၀၈ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၈ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်းကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ၏ရှင်းလင်းတင်ပြချက်များအပေါ် ကဏ္ဍအလိုက် စာတမ်းပြုစုရေးအဖွဲ့ငယ်များကအကြံပြုစာတမ်းများကို အသီးသီးဖတ်ကြားတင်ပြကြရာ စီးပွားရေးကဏ္ဍဆိုင်ရာ စာတမ်းကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးရန်နိုင်ကလည်းကောင်း၊ စီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာစာတမ်းကို ပြည်သူ့လွှတ်တော်ရုံးမှ ဒေါ်ရီရီမြင့်ကလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များက စာတမ်းများအပေါ် အကြံပြုဆွေးနွေးကြပြီး အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရပ်နားလိုက်သည်။

ဆက်လက်၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှဦးကိုကိုကျော်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကို၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ သာသနာရေးဝန်ကြီးဌာနမှ ဦးအုံမောင်တို့တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောင်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ယင်းနောက် သဘာပတိအဖွဲ့ဝင်များကစာတမ်းပြုစုရေးအဖွဲ့များ၏ တင်ပြသောကဏ္ဍအလိုက်အကြံပြုစာတမ်းများကို ဖတ်ကြားလေ့လာဆွေးနွေးညှိနှိုင်းကြပြီး သဘာပတိအဖွဲ့ညှိနှိုင်းအစည်းအဝေးကို ရပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော Han Golf Masters **မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ မြန်မာဂေါက်ကလပ် (၉)မိုင် ပြည်လမ်း၌ ဆက်လက်ကျင်းပသည်။**

ဒုတိယနေ့(၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ Wilson Operation မန်နေဂျာ ဦးအောင်ထွန်းဦးက Wilson Putting Challenge ပြိုင်ပွဲ၌ ပထမရရှိသော လင်းမိုးထွန်းအား လည်းကောင်း၊ မြန်မာ့မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်အဖွဲ့မှ ဦးပီတာက(၁၂)ပေခွဲဖြင့် Nearest Pin ဆုရရှိသော ဉာဏ်ရဲထွဋ်အားလည်းကောင်း၊ Star Ice - Creamမှ ဦးမျိုးဒန်ကအထူးဆုရရှိသော ဘုန်းပြည့်ချမ်းဟန်အားလည်းကောင်း၊ Han Golf Masters Pte., Ltd မှ ဒါရိုက်တာ ဦးအောင်လှဟန်က အမျိုးသမီး အသက်(၁၈)နှစ်အောက်ပြိုင်ပွဲ၌ ဒုတိယဆုရရှိသော ခိုင်မွန်ကျော်နှင့် ပထမရရှိသော စန္ဒီတိုးဆောင်တို့အား လည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးရေထက်ဒိုးက အသက်(၈-၁၀)နှစ် သက်တမ်းပြိုင်ပွဲ၌ စုစုပေါင်း ၁၁၀ချက်ဖြင့် တတိယရရှိသော သိန်းသန်းအောင်၊ စုစုပေါင်း ၁၀၄ ချက်ဖြင့် ဒုတိယရရှိသော ရဲဇော်အောင်နှင့် စုစုပေါင်း ၈၉ ချက်ဖြင့်ပထမရရှိသော ဖွဲ့လင်းငွေတို့အား လည်းကောင်း၊ M.P.G.A နှင့် M.G.F အမှုဆောင် ဦးကိုကိုလေးက အသက်(၁၁-၁၂)နှစ် သက်တမ်းပြိုင်ပွဲ၌ စုစုပေါင်း ၂၀၆ ချက်ဖြင့် တတိယရရှိသော အာကာကျော်၊ စုစုပေါင်း ၁၈၁ ချက်ဖြင့် ဒုတိယရရှိသော စွမ်းသီဟအောင်နှင့် စုစုပေါင်း ၁၇၁ ချက်ဖြင့် ပထမရရှိသော ဉာဏ်လင်းတို့အားလည်းကောင်း ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာဂေါက်ကလပ် ဒုတိယ ဥက္ကဋ္ဌ ဦးမျိုးသိန်းက အသက်(၁၃-၁၄)နှစ် သက်တမ်းပြိုင်ပွဲ၌ စုစုပေါင်း၁၇၄ ချက်ဖြင့် တတိယရရှိသော ကျော်ဖုန်းမို၊ စုစုပေါင်း ၁၆၃ ချက်ဖြင့် ဒုတိယရရှိသော လင်းမိုးထွန်းနှင့်စုစုပေါင်း ၁၄၈ ချက်ဖြင့် ပထမရရှိသော နေဗလဝင်းမြင့် တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်က အသက်(၁၅-၁၇)နှစ် သက်တမ်းပြိုင်ပွဲ၌ စုစုပေါင်း ၁၅၉ ချက်ဖြင့် တတိယ ရရှိသော ရန်နိုင်ဖြိုး၊ စုစုပေါင်း ၁၅၇ ချက်ဖြင့် ဒုတိယရရှိသော စိုးမိုးဝင်းနှင့် စုစုပေါင်း၁၄၅ ချက်ဖြင့် ပထမရရှိသော ဖြိုးကျော်ကျော်တို့အားလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ကြသည်။

ယင်းမျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို Han Golf Masters Pte., Ltd က အဓိက ပံ့ပိုးပြီး Co-Sponsors များဖြစ်ကြသော Wilson ၊ Alpine Drinking Water၊ K.M Golf Centre ၊ Myanmar Golf Club၊ Maruman ၊ Canon ၊ Rapier၊ M.G.C Restaurant နှင့် Star Ice-Cream တို့ကလည်း ပံ့ပိုးကူညီပေးကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

လန်ဒန်မြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များနှင့် သီရိလင်္ကာ ဘုန်းတော်ကြီးကျောင်းမှ မဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့ရ ဆရာတော် အပါအဝင် သံဃာတော် ၁၅ ပါးတို့အား မြန်မာသံအမတ်ကြီး နေအိမ်၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းသည့် အခမ်းအနား ကျင်းပစဉ်။

(နိုင်ငံခြားရေး)

လန်ဒန်မြို့ မြန်မာသံအမတ်ကြီးနေအိမ်၌ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် မေ ၂၇

ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလင်နိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီး ဒေါက်တာကျော်ဝင်း၊ ဇနီး ဒေါ်ကြည်ကြည်တို့၏ ဦးဆောင်မှုဖြင့် မြန်မာသံရုံးဝန်ထမ်းမိသားစုတို့က လန်ဒန်မြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များနှင့် သီရိလင်္ကာ ဘုန်းတော်ကြီးကျောင်းမှ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ရ ဆရာတော် အပါအဝင် သံဃာတော် ၁၅ပါးတို့အား မြန်မာသံအမတ်ကြီး နေအိမ်၌ မေ ၃ရက် (ကဆုန်လပြည့်၊ ဗုဒ္ဓနေ့)တွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာအသင်းကြီး(ယူကေ)မှ နာယကကြီးများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသူ အသင်းသား မြန်မာမိတ်ဆွေများ အပါအဝင် ၇၅ဦးခန့် တက်ရောက်၍ ဆွမ်း၊ သင်္ကန်း၊ နဝကမ္မအလှူတော်ငွေ၊ လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ၊ တရားဒေသနာတော်များကို နာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအပြီးတွင် ဆုရရှိကြသော လူငယ်မောင်မယ်များနှင့်အတူ မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်မှ တာဝန်ရှိသူများအား တွေ့ရစဉ်။

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

"ဘာအရေးကြီးဆုံးလဲ" ဇာတ်ကားသစ် ဆက်လက်ပြသ

ရုပ်ရှင်

ရန်ကုန် မေ ၂၇

ယခုသောကြာပတ်တွင် သုခမိန် ရုပ်ရှင်မှ သရုပ်ဆောင်ဒါရိုက်တာ ဇာဂနာ၏ **ဘာအရေးကြီးဆုံးလဲ** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေသည်။ ဘဝ၌ **ဘာအရေးကြီးဆုံးလဲ** ဟူသော အဖြေကို ဖော်ထုတ်ရန် ကျော်သူ၊ လူမင်း၊ ဇာဂနာ၊ ဆုပန်ထွာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြသည်။

အက်ရှင်ဇာတ်ကားသစ်

S.W.A.T အမည်ရှိ နိုင်ငံခြား အက်ရှင်ဇာတ်ကားသစ် နေပြည်တော်ရုံတွင် တင်လာသည်။ ရဲကွန်မန်ဒိုတပ်ဖွဲ့နှင့် ဒုစရိုက်သမားများ တိုက်ခိုက်ကြပုံဇာတ်လမ်းကို သည်းထိတ်ရင်ဖိုဖြစ်အောင် ရိုက်ကူးထား၍ နေပြည်တော်ရုံတွင် တင်ဆက်လာသည်။ ဆက်လက်၍ ရွှေဆောင်ရုံတွင် Die Another Day (007) ဂျိမ်းစ်ဘွန်း ဇာတ်ကား ပြသနေသည်။

ထို့ပြင် ဒါရိုက်တာကုသိုလ်ရိုက်ကူး၍ လွင်မိုး၊ နန္ဒာလှိုင်၊ လှအဥ္ဇလီတင့်၊ ညွန့်ဝင်း၊ ချိုပြုံးတို့ သရုပ်ဆောင်သော **ကောင်းခြင်းခုသည်ချိန်ခါ** အဆင့်မြင့်ဗီဒီယိုဇာတ်ကား ရွှေဂုန်ရုံတွင် တင်ဆက်လာသည်။ အလားတူ နဝဒေး၊ ရွှေမန်း၊ စံပြရုံများတွင်လည်း ပြသနေသည်။

မြို့မ

အိန္ဒိယရုပ်ရှင် ANNARTHအမည်ရှိ အက်ရှင်ဇာတ်ကားသစ် မြို့မရုံ၌ တင်ဆက်ပြသနေသည်။ ဆန်ဂျေးဒတ်၊ ဆူနီဆပ်သီး၊ အရှုတ်ရာနား၊ ပါရတီဂျမ်းဂနီတို့က သည်းထိတ်ရင်ဖိုပြကွက်များဖြင့် အပြိုင်အဆိုင်သရုပ်ဆောင်ထားကြသည်။

ဘုရင်ရုံတွင် FARZအမည်ရှိ အိန္ဒိယ အချစ်ဇာတ်ကြမ်းကား ရုံတင်ပြသလာသည်။ ဆန်နီဒေါ၊ ပရက် တီဇင်တာတို့၏ လှုပ်ရှားမှုများကို ကြည့်ရှုကြရမည်။

ဆုထူးပန်

ဆုထူးပန်ရုံတွင် ZULMI အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသနေသည်။

အရှစ်ကူမား၊ ရာဂျေးခန်နာနှင့် တွစ်ကလတ်ခန်နာတို့၏ အလှအကနှင့် ဘဝဖြစ်ရပ်များကို ရှုစား ကြရမည်။

ကာရန်အလွဲ

ဒွေး၊ နန္ဒာလှိုင်တို့ သရုပ်ဆောင်သော **ကာရန်အလွဲ** မေတ္တာဘွဲ့ဇာတ်ကား ဝဇီရာ၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဇေယျာဝတီရုံ များတွင် တင်ပြသနေဆဲရှိသည်။

(ကြေးမုံ)

"တစ် ခါ တစ် ရုံ၌ အချစ် သည် ဤသို့ ဖြစ် တတ်သည်" ဇာတ်ကား မှ ဒွေး နှင့် ထက်ထက် မိုး ဦး။

တစ်ခါတစ်ရုံ၌ အချစ်သည် ဤသို့ ဖြစ်တတ်သည်

ရန်ကုန် မေ ၂၇

လာမည့် သောကြာပတ်တွင် ဒါရိုက်တာမလိခ စိုးထိုက်အောင် ရိုက်ကူး၍ ဒွေး၊ ရဲအောင်၊ ထက်ထက်မိုးဦးတို့ သရုပ်ဆောင်ပါဝင်သော **တစ်ခါတစ်ရုံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည်** ဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်သည်။ **(ကြေးမုံ)**

ဘာအရေးကြီးဆုံးလဲ

"ဘာအရေးကြီးဆုံးလဲ" ဇာတ်ကားမှ လွင်မိုးနှင့် စမ်းစမ်းအေး(ရှမဝ)တို့၏ သရုပ်ဆောင်ဟန်။

နေပြည်တော်ရုံ၌ ပြသနေသော S.W.A.T နိုင်ငံခြားဇာတ်ကားမှ ပြကွက်တစ်ခု။

ANN-ARTH သည်းထိတ်ရင် ဖို ဇာတ်ကား မှ သရုပ် ဆောင်ကွက်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံမှာကြား

ထောက်ပံ့ငွေချီးမြှင့်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်းအတွင်းမှ ပြည်ထောင်စု တိုင်းရင်းသား ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများကို ထောက်ပံ့ငွေများ ချီးမြှင့်စဉ်။ (ရ-က-တ)

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းအတွင်းမှ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများအားတွေ့ဆုံခြင်းနှင့် မတည်ထောက်ပံ့ငွေများ ပေးအပ်ခြင်း အခမ်းအနားကို မေ ၂၅ရက် နံနက် ၈နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တွင် တက်ရောက် ပညာသင်ကြားနေသည့် သင်တန်းသား၊ သင်တန်းသူများနှင့်၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေအား ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တွင် ရန်ကုန်တိုင်း အတွင်းမှ တက်ရောက် ပညာသင်ကြားနေသည့် သင်တန်းသား၊ သင်တန်းသူများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းအတွင်းမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဖွင့်လှစ်ခြင်း၏ ရည်မှန်းချက်များဖြစ်သည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများသည်တက္ကသိုလ်တွင် ခင်မင်ရင်းနှီးစွာ နေထိုင်လျက် ပညာရာမှီးကြရင်း ပြည်ထောင်စု စိတ်ဓာတ် ခိုင်မြဲမှု ရှိစေရန်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကောင်းများကို ထိန်းသိမ်းရန်နှင့် နားလည်သဘောပေါက်ရန်၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ စားဝတ်နေရေး အဆင့်အတန်း မြင့်မားစေရန် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ထက်သန်စေရန်၊ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင်နိုင်မှုစွမ်းရည် မြှင့်တင်ရန်၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်မှုကိုရှေးရှု၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်လိုသည့် စိတ်ဓာတ် မွေးမြူရန်၊ စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်သော ပညာရေးဝန်ထမ်းကောင်းများမွေးထုတ်ပေးရန်နှင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးထိန်းသိမ်းလိုသည့် စိတ်ဓာတ်ရှင်သန်ပွားများစေရန်တို့ကို အောင်မြင်အောင် ကြိုးစားဆောင် ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းအတွင်းမှ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တွင် ရန်ကုန်တိုင်းအတွင်းမှ တက်ရောက် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသား သင်တန်းသူများအား တစ်ဦးချင်း ထောက်ပံ့ငွေများကို ပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများအား ပညာသင် မတည်ထောက်ပံ့ငွေ ၁၅သိန်းကိုပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းအမှတ်စဉ် (၃၆)မှ သင်တန်းသား မောင်သန့်ဇင်ထွန်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၅၇)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် မြန်မာကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မိန့်ခွန်း ပြောကြားစဉ်။ (ကျန်းမာရေး)

ကမ္ဘာ့ကျန်းမာရေးညီလာခံ မြန်မာအဖွဲ့ တက်ရောက် ဝန်ကြီး ဒေါက်တာကျော်မြင့် မိန့်ခွန်းပြောကြား

ရန်ကုန် မေ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် ခေါင်းဆောင်သည့် မြန်မာကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့သည် (၅၇)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်ရန် မေ ၁၆ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ ရောက်ရှိပြီး မွန်းလွဲ ၂နာရီခွဲတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ အရှေ့တောင်အာရှဒေသနိုင်ငံများမှ ညီလာခံတွင် စုပေါင်းရပ်တည်ရမည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ရွေးချယ်ခံရ

မေ ၁၇ရက်တွင် (၅၇)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ မြန်မာနိုင်ငံက Credentials Committee တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်ရန် ရွေးချယ်ခြင်း ခံရသည်။

မေ ၁၈ရက်တွင် မြန်မာကျန်းမာရေး ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဒေါက်တာ ကျော်မြင့်သည် စားပွဲဝိုင်းဆွေးနွေးပွဲတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၀၅ခုနှစ်တွင် အေအိုင်ဒီအက်စ် ဝေဒနာရှင် သုံးသန်းအား ဆေးဝါးများဖြင့် ကုသပေးနိုင်ရေး အတွက် ကျန်းမာရေးစနစ်ကို အင်အားဖြည့်တင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးသည်။

မိန့်ခွန်းပြောကြား

မြန်မာကျန်းမာရေးကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဒေါက်တာ ကျော်မြင့်သည် မေ ၁၉ရက်တွင် (၅၇) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ စုံညီ အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာ မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး၊ ဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ကုသမှုပေးရေးနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကိုအသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မေ ၂၀ရက်မှ ၂၂ရက်အထိ ကမ္ဘာ့ကျန်းမာရေးညီလာခံ အစီအစဉ်အရ ကော်မတီ(အေ)တွင် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် ကော်မတီ (ဘီ)တွင်ဘဏ္ဍာရေးနှင့်အုပ်ချုပ်မှုဆိုင်ရာ အစည်းအဝေးများ၊ ညီလာခံ စုံညီ အစည်းအဝေးသို့ တက်ရောက်သည်။

ဆုကြေညာ

မေ ၂၀ရက်တွင် အရှေ့တောင်အာရှဒေသနိုင်ငံများ၌ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ချီးမြှင့်သောဆု (World No Tobacco Day Award) ကို မြန်မာနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ရရှိကြောင်း ကြေညာသည်။

မြန်မာကျန်းမာရေးကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဒေါက်တာကျော်မြင့်သည်(၅၇)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ တက်ရောက်စဉ် ကာလအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ အကြံပေးပုဂ္ဂိုလ် Dr. Tomris Turmen နှင့် တွေ့ဆုံ၍ တိုင်းရင်းဆေးဝါးများ မှတ်ပုံတင်ထားရှိရေးကိစ္စကို လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးတာဝန်ခံ Dr. Jack Chow နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်ရေးကိစ္စများကို လည်းကောင်း၊ UNAIDS အဖွဲ့၏ အမှုဆောင်ညွှန်ကြားရေးမှူး Dr. Kathleen Cravero နှင့် တွေ့ဆုံပြီး ကုလသမဂ္ဂအေအိုင်ဒီအက်စ် တိုက်ဖျက်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို လည်းကောင်း၊ Nippon Foundation အဖွဲ့ ဥက္ကဋ္ဌ Mr. Yohei Sasakawa နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ အနာကြီးရောဂါ ဖြစ်ပွားမှု သိသိသာသာ ကျဆင်းသွားခဲ့ပြီး ကျန်းမာရေးပြဿနာအဖြစ် သတ်မှတ်ခြင်း မရှိသော်လည်း လက်ရှိအနာကြီးရောဂါ ကျဆင်းသွားသည့် အခြေအနေကို ဆက်လက် ထိန်းသိမ်းသွားရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေး

မြန်မာကျန်းမာရေးကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင်ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုနိုင်ငံတော်အကြီးအကဲနှင့် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌတို့၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ဆောင်ရွက်နေမှုများနှင့် ကုသရေးလုပ်ငန်းများတွင် အဆင့်အတန်းမြင့်မားစွာ ဆောင်ရွက်နေမှု အစီအစဉ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် စီမံချက်လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

ထို့အပြင် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး တာဝန်ခံ Dr. Anarfi Asamoa-Baah အား တွေ့ဆုံ၍ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်း ကူးစက်ရောဂါ ကာကွယ်တားဆီးရေး၊ ငှက်ဖျားရောဂါနှင့် အဆုတ်တီဘီရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော မြန်မာကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ မေ ၂၄ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra နှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသော ဆေးသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်) ဒေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်၊ ညွှန်ကြားရေးမှူး (နိုင်ငံခြားဆက်သွယ်ရေး) ဒေါက်တာဖေသက်ထွန်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၇-၅-၂၀၀၄)

တောင်ကြီး	-	၂၃သမ	၉၉ လက်မ
မြိတ်	-	၂၃သမ	၅၂ လက်မ
ဇောင်းတူ	-	၁၃သမ	၇၇ လက်မ

အိန္ဒိယနိုင်ငံ သက်သေနဂိုရ် ပြည် မြန်မာ ဘုန်းတော်ကြီး ကျောင်းသစ်၏ ကျောင်း ထိုင် ဆ ရာ တော် ဘဒ္ဒန္တ နန္ဒ အိန္ဒိယနိုင်ငံသို့ မေ ၂၇ ရက်က အိ န္ဒိ ယ လေကြောင်းဖြင့် ပြန်လည် ကြွ ရောက် တော် မူရာ သီဟ သုခမ္မ မဏိ ဓော တ ခ ရ သဒ္ဓမ္မ ဇောတိ ကဓရ ရွှေမြင် တင် ဦးညိုနှင့် တပည့် ဒါယ ကာ၊ ဒါယိကာ မတို့က ရန်ကုန် အ ပြည် ပြည် ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်ဂါရဝပြုစဉ်။ (က–ပ)

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၇

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ပညာရေးရာအဖွဲ့မှထုတ်ဝေသည့် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၄)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါမဂ္ဂဇင်းတွင် မင်းယုဝေ၊ (တက္ကသိုလ်)၊ မြင်းမူ မောင်နိုင်မိုး၊ ကောတုန်လာ၊ ဇာနည်တို့၏ကဗျာများ၊ လယ်တွင်းသား စောချစ်၊ စန်းနီလာဝင်း၊ အောင်စိုး (တိရစ္ဆာန် ဆေးကုဆရာဝန်)၊ မွေးငယ်ငယ်၊ မြတ်ရည်မွန်၊ ကြည်ကြည်စိန်၊ သက်သက်သင်း (ပညာရေး)၊ နန္ဒာမိုးကြယ်၊ ခတ်ပုံ မောင်မောင်၊ မောင်မောင်အုန်း (လယ်ဝေး)၊ ချောင်းဆုံအုန်းသွင်တို့၏ ရသမြောက်ဝတ္ထုများ၊ တက်တိုး၊ ဒေါက်တာကျော်စိန်၊ မောင်ဆုရှင်၊ စောမုံညင်း၊ တက္ကသိုလ်မြတ်သူ၊ လူထွန်း (တွံတေး)၊ တက္ကသိုလ်လှကြွယ်၊ ညွန့်ဟံ(ကြူတော)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ ကြို့ပင်ကောက်တင်မောင်ဦးတို့၏ မှတ်ဖွယ်ဆောင်းပါး၊ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်း၊ မောင်မောင်ညွှက်တို့၏ ကာတွန်းလက်ရာများ စုံလင်စွာဖော်ပြပါရှိသည်။ မဂ္ဂဇင်းများကို သတင်းနှင့်စာနယ်ဇင်း အရောင်းဆိုင်၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေတို့တွင် ဝယ်ယူရရှိနိုင်သည်။ (က–ပ)

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာ ရန်လိုအပ်သည်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ မေလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၃၀–၅–၂၀၀၄)ရက်နေ့

၂၀၀၄ ခုနှစ်၊ ဇွန်လအတွက်

(၁၃–၆–၂၀၀၄)ရက်နေ့နှင့်

(၂၇–၆–၂၀၀၄)ရက်နေ့။

မွေးနေ့ဆုမွန်

ဒေါ်ကေသီစိုးသိမ်း၏ မွေးနေ့တွင် ရှင်လန်းချမ်းမြေ့ သော မွေးနေ့ ပေါင်းများစွာကို ရရှိနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မဟာပညာဗလကျောင်းတိုက်၊

ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့၊ ၅–ထပ်ကြီးကျောင်းတိုက်၊ ဗဟန်း။

ခေါ်စပ်ကြောင်းလမ်း ပြီးစီးခြင်း

ရန်ကုန်မြို့နေ

ဒေါက်တာကျော်သန်း(ရေဖြူမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး)–ဒေါ်ချစ်စုတို့၏သား

ဒေါက်တာသိန်းအောင်ကျော် M.B.,B.S. (Ygn)

လက်ထောက်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး

နှင့်

ရန်ကုန်မြို့နေ

ဗိုလ်မှူးချုပ်သန်းထွန်း(ကာကွယ်ရေးဝန်ကြီးဌာန)–ဒေါ်ညွန့်ညွန့်ဝေတို့၏သမီးကြီး

ဒေါက်တာဖြူဖြူဟန် M.B.,B.S. (Ygn)

လက်ထောက်ဆရာဝန်၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး

တို့သည် ၂၇–၅–၂၀၀၄ ရက်တွင် ကရဝိက်နန်းတော်၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် ခေါ်စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

ဒေါက်တာသိန်းအောင်ကျော်–ဒေါက်တာဖြူဖြူဟန်။

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှကြီးမှူးကျင်းပမည့်၂၀၀၄ ခုနှစ် (၈)ကြိမ်မြောက် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားအိုးပင်း (တစ်ဦးချင်း)စစ်တုရင် ပြိုင်ပွဲကို ဇွန် ၁၇ ရက်မှစတင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန သီတာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဆုကြေးငွေများအဖြစ် ပထမ ကျပ်၂၀၀၀၀၊ ဒုတိယကျပ်၁၅၀၀၀၊ တတိယကျပ် ၁၀၀၀၀၊ စတုတ္ထ ကျပ် ၇၅၀၀၊ ပဉ္စမကျပ် ၅၀၀၀ ချီးမြှင့်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင် ကြမည့်စစ်တုရင်အားကစားသမားများသည် ဇွန် ၁၆ ရက် နောက်ဆုံး ထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းအားကစားကွင်းဝင်း) သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။ (ကြေးမုံ)

အခြေခံမှ စတင်သင်ကြားပေးသည့် ကွန်ပျူတာ သင်တန်းများ

၁။ Graphic Designer

၂။ DTP (Layout ...)

၃။ ...

၄။ ...

၅။ Marketing

၆။ Marketing

၇။ ...

မေ ၂၄ရက် ညက လသာမြို့နယ် လသာလမ်းတွင် မြို့နယ် ပြည်သူများအား ကပြဖျော်ဖြေသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေမြင့်မိုရ်အငြိမ့်အဖွဲ့အား လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း ဂုဏ်ပြုဆုငွေကျပ်တစ်သိန်း ပေးအပ်စဉ်။ (က–ပ)

ဆေးပင်

အကြောအာတိုးဆေး

မြန်မာတိုင်းရင်းဆေးမြစ်ပေါင်း

လေးဘက်နာ၊ လေငန်းလိမ်းဆေး



စူပါသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် မေ ၂၇

စူပါဖြစ်ဖို့ ဘာသာရေးလုပ်ရမယ်ဆိုတဲ့ ဇင်ဇင်ဇော်မြင့်၊ စိုးလွင်လွင်သီချင်းတွေအကြောင်း၊ ဓနိမဖြူရဲ့ ရင်ဖွင့်ချက်နှင့် ဒေဝနဲ့ ရွှေအိမ်စည်တို့ရဲ့ စိုးလွင်လွင် အမှတ်တရစကား၊ ကိုရီးယား မင်းသမီး ဆောင်ယွန်းအ (ဂျင်ယောင်) နဲ့ ကောလာဟလများ၊ ရာဇာနေဝင်အပေါ် ဇင်ဇင်ဇော်မြင့်၏အမြင်၊ ထွန်းအိန္ဒြာဗို ဘာကြောင့် စူပါဖြစ်လာသလဲ၊ ချစ်သူနှားဆင်ဖို့ ရင်ခုန်သံသီချင်းသီဆိုသူများရဲ့အသံနှင့် ဇာနည်နဲ့ ကြည်လဲ့လဲ့ဦးတို့ရဲ့ မင်္ဂလာလက်မှတ်ရေးထိုးခဲ့တဲ့ စူပါစတိုင်လ်အမှတ်တရရောင်စုံဓာတ်ပုံဝေဝေဆာဆာ ဖော်ပြထားသော စူပါသတင်းဂျာနယ် အမှတ် (၁၅)ကို ဆင်တောင်ကြီးစာပေ အမှတ် (၄၁) (၂၉)လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်းသိရသည်။ (က–ပ)

Educational Seminar

INFORMATICS THAMES

အခမဲ့ IT / Business ပညာရပ်ဆိုင်ရာများဆွေးနွေးပွဲကို

29-5-04 နေ့ (2:00 - 3:00PM)တွင် IT ဒီပလိုမာနည်းပညာရပ်

30-5-04 နေ့ (2:00 - 3:00PM)တွင် Business Administration

20% Discount (Only 2 Days)

No. 220/222,(OSM - Centre) Botataung Pagoda Rd., Pazundaung Tsp.

For enquire =>>>Ph: 525971, 706740, 200343, 558360, 296829

အမှန်တကယ်စားသုံးသူများအတွက်

ကျေနပ်မှုတွေပြည့်ဆည်းနေမယ့်

ဖော်းဖိုးဖိုက်

စားသောက်ဆိုင်

+

K.T.V Lounge

ရန်ကုန် လေဆိပ်လမ်းဆုံအနီး ဖုန်း ၀၁–၆၅၀၀၄၂

STAEDTLER MARK -

SAKURA T -

မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသောက်သုံးရေ ရရှိ မြစ်သားမြို့၌ အထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲအခမ်းအနား ကျင်းပ

မြစ်သား မေ ၂၃

မန္တလေးတိုင်း မြစ်သားမြို့နယ် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို မြစ်သားမြို့လယ် မြင်းခြံ-မန္တလေး ကားလမ်းဆုံထောင့်တွင် မေ ၁၃ ရက် နံနက်က ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းနှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့သူ၊ မြို့သားများ၊ ပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တိုင်းအုပ်ချုပ်ရေးမှူးနှင့် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှတို့က အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

မြစ်သားမြို့နယ်တွင် ကျေးရွာအုပ်စု ၈၂ အုပ်စု၊ ကျေးရွာပေါင်း ၂၂၇ ရွာ၌ လက်နှိပ်ပန့် စက်ရေတွင်း ၁၄၄ တွင်း၊ စက်ရေတွင်း ၇၇ တွင်း၊ စိမ့်စမ်းရေ သွင်းခြင်းလုပ်ငန်း ခြောက်ခု ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ လူဦးရေ၁၄၅၀၂၆ ဦး သန့်ရှင်းသော သောက်သုံးရေရရှိပြီဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် စာမတတ်သူ ပပျောက်ရေးအတွက် နွေရာသီ "အ"သုံးလုံးကျေ သင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ပညာရေးဌာနမှ ဆရာ၊ ဆရာမများနှင့်အတူ သီပေါမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးရှိန်နှင့် အမှုဆောင်များက ပါဝင်ကူညီ သင်ကြားပေးလျက်ရှိသည်ကို မေ ၁၆ ရက်က တွေ့ရစဉ်။ (၂၄၇)

မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းဖွင့်မည်

တောင်သာ မေ ၂၀

မန္တလေးတိုင်း တောင်သာမြို့ အမှတ်(၅) ရပ်ကွက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၂၃၅) ဓမ္မာရုံတွင် ဇွန် ၁၇ ရက်မှ ဇွန် ၂၃ ရက်ထိ (၁၂)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကို အဖွဲ့ချုပ်၏ အရန်နာယက နယ်လှည့်ဓမ္မကထိက ဦးပဏ္ဍိတ၊ ပိဋကတ်နှစ်ပုံဆောင်၊ ဒွိပိဋက ဝိနယဓရ၊ ဝိနယဝိဒူ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ သာသနာ့ဓဇ သီရိပဝရ ဓမ္မာစရိယ အရှင်သူမြတ်က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားပြသပေးတော်မူမည်ဖြစ်သည်။

စခန်းဝင်လိုသူ ယောဂီများ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများ စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အား မေ ၁၀ ရက်က သွားရောက်စစ်ဆေးစဉ်။ (က-ပ)

မြို့နယ်သတင်းများ

လဲချားမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် အလှူရှင်များက စာအုပ်မျိုးစုံ စုပေါင်းလှူဒါန်း

လဲချား မေ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးပြီး ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များတွင် ဒေသခံ ပြည်သူများနှင့် ပူးပေါင်းကာ ဖွင့်လှစ်ပေးလျက်ရှိသည်။

ပေးအပ်လှူဒါန်း

ထိုသို့ ဖွင့်လှစ်ရာတွင် မေ ၁၀ ရက်က အမှတ်(၂)ရပ်ကွက်၌ လင်းလက်အိမ် စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနိုးအောင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးရာ အလှူရှင်ခုနစ်ဦးတို့က စုစုပေါင်း စာအုပ်မျိုးစုံ ၂၅၀ အုပ်အား ပေးအပ်လှူဒါန်းခဲ့သည်။ လဲချားမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှစ်ခု ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မေ ၁၀ ရက်က တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အမှုဆောင်အရာရှိ ဦးသောင်းညွန့်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးထွန်းထွန်းစိုးနှင့် မီးသတ်အဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

မြို့မ စည်ပင်ဈေး မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မိုးညှင်း မေ ၁၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မစည်ပင်သာယာဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မေ ၅ ရက်က စည်ပင်သာယာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများ ဒုတိယအကြိမ် ဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

—— ကြီးကြပ်ဆောင်ရွက် ——

ထိုသို့ ဇာတ်တိုက်လေ့ကျင့်ရာတွင် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမင်းသူတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်

မုံရွာ မေ ၂၂

မုံရွာမြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ခရိုင်အဆင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို မေ ၁၈ ရက် နံနက် ၉ နာရီက မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

ပန်းချီပြိုင်ပွဲတွင် ၃၆ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၃၁ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၂ ဦး၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲတွင် ၁၀ ဦး စုစုပေါင်း ကျောင်းသူ၊ ကျောင်းသား ၈၉ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အားပေး

ပြိုင်ပွဲသို့ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်၊ မုံရွာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်၊ အတွင်းရေးမှူး ဗိုလ်မှူးရဲထွန်း၊ မုံရွာခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးစိန်မျှား၊ ကွန်ပျူတာကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှိုင်သီတာဦးနှင့် ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များက ကြီးကြပ်ကျင်းပပေးပြီး ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား အားပေးခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်ဖွင့်

ကျိုက်လတ် မေ ၂၁

၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ်အတွက် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာစိုက်ထူဖွင့်ပွဲအခမ်းအနားကို မေ ၁၈ ရက် နံနက် ၈ နာရီတွင် ကျိုက်လတ်မြို့ အမှတ်(၃) ရပ်ကွက် ဦးစန္ဒာလမ်းထောင့် မြေကွက်တွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ဘင်ခရာတပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အဆိုပါ အခမ်းအနားတွင် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာအား ထူးချွန်ကျောင်းသား၊ ကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(ယာပုံ)**

(မြို့နယ်ပြန်/ဆက်)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၃၈)ရပ်ကွက်၊
ဗိုလ်လရောင်လမ်း၊ အမှတ်(၅၅၅)နေ
ဦးမောင်မောင်အုန်း – ဒေါ်ညွန့်တင်တို့၏သား

မောင်စိုးငွေး B.Sc(Maths)
M.O.T Second Class Part (A)
တတိယအင်ဂျင်နီယာ
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း
နှင့်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ အမှတ်(၈)ရပ်ကွက်၊ မဥ္ဇူလမ်း၊
အမှတ်(၄၉၁)နေ ဦးသိန်းဇော်–ဒေါ်ခင်စန်းရွှေတို့၏သမီး

မခင်မျိုးဇော် B.A(Eco)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီးဖြစ်ပါ၍ ၂၂–၅–၂၀၀၄နေ့တွင် International Business Centre (IBC)၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စိုးငွေး–မခင်မျိုးဇော်။

မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းသားခေါ်ယူခြင်း

အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း (AAR) မှ ၂၀၀၄ခုနှစ် (တတိယ)အပတ်စဉ် စက်ချုပ်နှင့် ဆံပင်အလှပြုပြင်ခြင်း အသက်မွေးပညာသင်တန်းများကို စက်တင်ဘာလ ၁ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ (သင်တန်းကြေး၊ နေထိုင်စားသောက်စရိတ်အပါအဝင်) မြန်မာနိုင်ငံအနှံ့အပြားရှိ မသန်စွမ်းသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို ၂၀၀၄ခုနှစ် ဇွန်လ (၃၀)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

သင်တန်းကာလ – ၂၀၀၄ခုနှစ် စက်တင်ဘာလ ၁ရက်မှ ဒီဇင်ဘာလ ၁၅ရက်နေ့ထိ။
လူတွေ့စစ်ဆေးခြင်း – ၂၀၀၄ခုနှစ် ဩဂုတ်လ (၃၀)နှင့် (၃၁)ရက်နေ့။
ဆက်သွယ်ရန်လိပ်စာ– ကိုယ်အင်္ဂါ မသန်စွမ်းသူများ သက်မွေးပညာသင်တန်းကျောင်း(AAR)
အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံရှေ့၊
မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း – ၀၁ – ၆၆၁၇၁၂ AAR)

လေလံကြော်ငြာ

၁။ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) လေလံတင်ထုခွဲရောင်းချရေးအဖွဲ့မှ တာယာဟောင်း၊ ဘက်ထရီဟောင်း၊ ပေပါခွံဟောင်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ ရောင်းချမည့်ပစ္စည်းစာရင်း၊ ချိပ်ပိတ်တင်ဒါစည်းကမ်းချက်များနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံများကို တစ်စောင်လျှင် ၁၀၀၀ိ/– နှုန်းဖြင့် လက်ထောက်ညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေးဌာနခွဲ(ပြည်တွင်း)ရုံး၊ ဆည်မြောင်းဦးစီးဌာန (၈)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့တွင် ၁–၆–၂၀၀၄နေ့မှစတင်၍ ရုံးချိန်အတွင်း လာရောက် ဝယ်ယူနိုင်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာများကို ချိပ်ပိတ်တင်ဒါ စည်းကမ်းချက်ဝယ်ယူထားသူများသည် ၁၅–၆–၂၀၀၄(အင်္ဂါ)နေ့ မွန်းတည့် ၁၂နာရီအရောက် စပေါ်ငွေတင်သွင်းပြီးကြောင်း ချလန်မူရင်းကို တင်ပြ၍ အထက်အပိုဒ်(၂)ပါ ရုံးတွင်ထားရှိသည့် ချိပ်ပိတ်တင်ဒါပုံးအတွင်းသို့ လာရောက်ထည့်သွင်းရမည် ဖြစ်ပါသည်။

၄။ သိလိုသည့်အချက်အလက်များကို တယ်လီဖုန်းအမှတ်–၅၇၈၁၁၉နှင့် ၆၆၁၄၁၂တို့ထံ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးအဖွဲ့
ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)။

လူမှုဝန်ထမ်းဦးစီးဌာန
မသန်စွမ်းသက်ကြီးသင်တန်းကျောင်းအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင် ၂၀၀၄ခုနှစ် ဇွန်လအတွင်း ဖွင့်လှစ်မည့်သင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။
၂။ လျှောက်ထားသူသည်–
(က)ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ)မသန်စွမ်းသူဖြစ်ရမည်။
(ဂ) အသက် ၁၈နှစ်မှ ၄၅နှစ်အတွင်းဖြစ်ရမည်။
၃။ လျှောက်ထားသူသည် အောက်ဖော်ပြပါ (၆)မျိုးအနက် (၁)မျိုးကိုသာ လျှောက်ထားနိုင်သည်။ သင်တန်းကာလသည် အောက်ပါအတိုင်းဖြစ်ပါသည်။

သင်တန်းကာလ(၃)လ	**ပညာအရည်အချင်းသတ်မှတ်ချက်**
(က)စက်ချုပ်သင်တန်း	အလယ်တန်းအဆင့်
(ခ)ဓာတ်ပုံသင်တန်း	အလယ်တန်းအဆင့်
(ဂ)ပိုးဇာပုံနှိပ်သင်တန်း	မူလတန်းအဆင့်
(ဃ)ဆံသသင်တန်း	မူလတန်းအဆင့်
(င)ကွန်ပျူတာသင်တန်း	နဝမတန်းအောင်မြင်ပြီးသူဖြစ်ရမည်။
သင်တန်းကာလ (၁)နှစ်	
(စ)ရေဒီယိုပြင်သင်တန်း	နဝမတန်းအောင်မြင်ပြီးသူဖြစ်ရပါမည်။

၄။ လျှောက်လွှာပုံစံများကို မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းတွင်တစ်စုံ(၅၀)ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပြီး လျှောက်လွှာကို ကျောင်းအုပ်မသန်စွမ်းသက်ကြီးသင်တန်းကျောင်းသို့ ၂၀၀၄ခုနှစ် ဇွန်လ ၂၁ရက်နေ့အရောက် လျှောက်ထားရပါမည်။
၅။ အသေးစိတ်သိလိုသောအချက်များကို အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ဖုန်း–၆၆၁၇၁၂)တွင် စုံစမ်းနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **မန်နေဂျာ (ဘွဲ့ရ)** **ကျား(၂) ဦး**
၂။ **စာရင်းကိုင် (ဘွဲ့ရ)** **ကျား/မ(၁) ဦး**
B.Com/LCCI-Level III အောင်ပြီး

အထက်ပါရာထူးအားလုံး နယ်ခရီးဝေးသွားနိုင်ရမည်။ အသက်(၄၀)နှစ်အောက် လုပ်ငန်းခွင်တွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်ရမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

အမှတ်(၁၀၇/၁၁၅)၊ (ပ)ထပ်၊ ၄၁ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၀၁–၂၅၀၃၂၆၊ ၃၇၆၀၄၅၊ ၃၈၀၈၁၈။

စည်သွတ်စက်ရုံရောင်းရန်

အချိုရည်၊ သစ်သီး၊ မှိုနှင့်သားငါးစည်သွတ်လုပ်ငန်းများ အသင့်လုပ်ကိုင်နိုင်သော နိုင်ငံခြားဖြစ် စက်ပစ္စည်းများနှင့် မြေငါးကေပေါ်ရှိ ပါဝါမီတာ၊ စက်ရုံသုံး အဆောက်အအုံများ ရောင်းရန်ရှိပါသည်။

လိုအပ်သော စက်ပစ္စည်းတစ်ခုချင်းအလိုက် ရောင်းချပေးနိုင်ပါသည်။

စက်ရုံတည်နေရာ – ရန်ကုန်–ပြည်လမ်းဘေး၊ ဝက်ပုတ်ကျေးရွာ၊ ပေါင်းတည်မြို့နယ်။
ဆက်သွယ်ရန်လိပ်စာ – မမွန်နီ
ဖုန်း–၀၁–၂၂၉၁၃၀၊ ၂၂၅၂၉၂ (ရုံးချိန်အတွင်း)။

XING
တရုတ်နှင့်ထိုင်းစကားပြောသင်တန်း

* တစ်ဦးချင်း (သို့) အုပ်စုလိုက် သီးသန့်အမြန်သင်ပေးသည်။
* လုပ်ငန်းအဆင်ပြေစေရန် ဘာသာပြန်၊ စကားပြန် ဆောင်ရွက်ပေးသည်။

ဖုန်း–၇၂၂၃၄၅။

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

Cherry Oo Watch Show Room and Sale Centre တွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများ အမြန်အလိုရှိသည်။ ရာထူးအလိုက် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုပေါ်မူတည်၍ လစာအထူးကောင်းမွန်စွာပေးမည်။ လုပ်ငန်းကို စိတ်ပါဝင်စားစွာ လုပ်ဆောင်နိုင်မည့်သူများဖြစ်ရမည်။

(၁) လက်ထောက်မန်နေဂျာ (Marketing) **ကျား/မ (၂) ဦး**
(၂) Marketing ကျွမ်းကျင်သူ **ကျား/မ (၆) ဦး**
(၃) Sale Promoter **မ (၆) ဦး**

(က) အမှတ်စဉ်(၁)အတွက် ဘွဲ့ရ၍ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိပြီး Marketing လုပ်ငန်းကို မိမိကိုယ်တိုင်ဦးဆောင်၍ လုပ်ကိုင်နိုင်သူဖြစ်ရမည်။ (နယ်ခရီး ထွက်နိုင်သူဖြစ်ရမည်)
(ခ) အမှတ်စဉ်(၂)အတွက် အခြေခံပညာအထက်တန်းအောင်မြင်ပြီး Marketing လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ (နယ်ခရီးထွက်နိုင်သူဖြစ်ရမည်။)
(ဂ) အမှတ်စဉ်(၃)အတွက် အခြေခံပညာအထက်တန်းအောင်မြင်ပြီး ရုပ်ရည်အထူးပြေပြစ်ချောမောရမည်။ (အသက်(၂၅)နှစ်အောက်)
(လုပ်ငန်းအတွေ့အကြုံရှိသူများ ဦးစားပေးမည်။)
(ဃ) အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်သန့်ပြန့်၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(င) အလုပ်ခန့်အပ်ခြင်းခံရလျှင် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်ထားသူများသည် တစ်လအတွင်းရိုက်ကူးထားသော ဓာတ်ပုံ(၂)ပုံ၊ ပညာရေးဆိုင်ရာ အထောက်အထားနှင့် အခြားအောင်လက်မှတ်မိတ္တူ၊ ကျန်းမာရေးဆိုင်ရာ ဆေးထောက်ခံစာမိတ္တူ၊ ရပ်ကွက်တွင် နေထိုင်ကြောင်းထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာမူရင်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူများနှင့်အတူ ယခုကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ချယ်ရီဦးနာရီအရောင်းပြခန်းများ(ရုံးချုပ်)
အမှတ်(၁၁၇–၁၂၇)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ချယ်ရီဦးနာရီအရောင်းပြခန်းအမှတ်(၁)၊ အမှတ်(၂၂၉)၊ အနော်ရထာလမ်း၊ ဗိုလ်ဆွန်ပက်လမ်းနှင့်(၃၁)လမ်းကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အမြန်ရောင်းမည်

* သမိုင်းလမ်းဆုံအနီးရှိ တိုက်ခန်း (ဆိုင်ခန်းတွဲ၍ ဖွင့်နိုင်သည်)။
* ကျောင်းသုံးစာရေးခုံနှင့် ထိုင်ခုံများ (ခုံတန်းရှည်)

ဖုန်း–၂၅၂၈၅၂၁၊ ၂၅၃၁၁၃။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကက/၁၃၉၆ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။





ပညာရေးဝန်ကြီးဌာန
အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ဒီပလိုမာသင်တန်းများအတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်သဖြင့် သတ်မှတ်သည့် အရည်အချင်းပြည့်စုံသူများ အချိန်မီ လျှောက်ထားနိုင်ကြောင်း ကြေညာပါသည်။

စဉ်	ဒီပလိုမာသင်တန်းအမည်
၁။	Diploma in Software Engineering အမှတ်စဉ် (၁၈)
၂။	Diploma in Network Engineering အမှတ်စဉ် (၁၃)
၃။	Diploma in Hardware Engineering အမှတ်စဉ် (၁၃)

၂။ လျှောက်ထားရန်လိုအပ်သည့်အရည်အချင်းများ–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင် (သို့) အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ရရှိထားသူဖြစ်ရမည်။ (လက်မှတ်မူရင်းနှင့် မိတ္တူပူးတွဲတင်ပြရန်)

၃။ အသေးစိတ်အချက်အလက်များကို အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဗိုလ်တထောင်ဘုရားလမ်း(ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား)ဗိုလ်တထောင်မြို့နယ်၊ ဖုန်းအမှတ်–၂၉၁၉၁၃သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

၄။ လျှောက်လွှာလက်ခံမည့်အစီအစဉ်–
(က) လျှောက်လွှာစတင်လက်ခံမည့်နေ့ရက်နှင့်လျှောက်လွှာပိတ်မည့်နေ့ရက်
(၁) Diploma in Software Engineering – ၇-၆-၂၀၀၄ရက်နေ့မှ ၁၆-၆-၂၀၀၄ရက်နေ့ထိ
(၂) Diploma in Network Engineering – ၅-၇-၂၀၀၄ရက်နေ့မှ ၁၅-၇-၂၀၀၄ရက်နေ့ထိ
(၃) Diploma in Hardware Engineering – ၂-၈-၂၀၀၄ရက်နေ့မှ ၁၂-၈-၂၀၀၄ရက်နေ့ထိ

အတွင်းရေးမှူး။

ခေါ်ခြားဆိုးမြင့်ရွှေယင် (ဆေးကုဌာန)

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(ပုဂံ)ညောင်ဦးမြို့ Down Town ဧရိယာ မိန်းလမ်းမပေါ်ရှိ ဘိုးဘွားပိုင် မြေဧရိယာ ၀ဒသမ၀၃၅ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အုပ်ညှပ်တိုက် ရောင်းမည်။ တည်းခိုခန်း၊ စားသောက်ဆိုင်၊ စူပါမတ်ကက်ဖွင့်ရန် နေရာကောင်းဖြစ်သည်။ (ပွဲစားမလို)။

ဖုန်း၊ Aircon၊ ရေ၊ မီး ၂၄နာရီ
ဆက်သွယ်ရန်ဖုန်း–၀၆၁–၆၀၁၁၄။

ကန့်ကွက်နိုင်ပါသည်

ဦးရဲကျော်(ခ)ဦးဆန်နီပိုင်ဆိုင်သော ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ ရောဝဏ်(၄)လမ်း၊ အမှတ်(၁၈)၊ မြေကွက်အမှတ်(၈၉)၊ 40'x60'၊ အကျယ်အဝန်းရှိ မြေကွက်နှင့်အကျိုးခံစားခွင့်များကို ကျွန်ုပ်မိတ်ဆွေက ဝယ်ယူမည်ဖြစ်၍ ကြိုတင်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများတင်ပြကန့်ကွက်နိုင်ပါသည်။ တင်ပြကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–ဦးမြသန်း (ဝိဇ္ဇာဘွဲ့)
ဥပဒေအကျိုးဆောင်
အမှတ်(၃၅)၊ (၃၅)လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

